# MYANTRADE

# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၃/၂၀၂၄

## ၂၀၂၄ ခုနှစ်၊ မတ်လ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများ အနည်းငယ်ကျဆင်း
- အိန္ဒိယနိုင်ငံ၏ ပဲရည်ညွှန်းဈေးသတ်မှတ်မည့်သတင်းများကြောင့် ပို့ကုန်ပဲများ ဈေးကျဆင်းလာ
- ကြက်သွန်နီဈေးပြန်တက်လာ
- မြေပဲဆန်ဈေးကောင်းတာကြောင့် မြေနုကျွန်းစိုက်တောင်သူများ အဆင်ပြေ

### နိုင်ငံတကာဈေးကွက်

- အင်ဒိုနီးရှားက မြန်မာ့ဆန် တတိယအများဆုံးတင်သွင်းခဲ့
- ဆန်လုံလောက်မှုရှိသော်လည်း ဆက်လက်ဝယ်ယူတင်သွင်းရန် အင်ဒိုနီးရှား ကြိုးပမ်းနေ
- အိန္ဒိယသည်အချို့သောဆန်မျိုးကွဲများအတွက် HSN Code များဖော်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ
- အိန္ဒိယအစိုးရက ပဲစင်းငုံအားဈေးကွက်ပေါက်ဈေးအတိုင်း ဝယ်ယူနေသော်လည်း ရောင်းချသူနည်းပါးလျက်ရှိ
- အိန္ဒိယအစိုးရက သီးနှံငါးမျိုးအားလာမည့်(၅)နှစ်အထိ အာမခံဈေးနှုန်းဖြင့်ဝယ်ယူသွားရန်ဆန္ဒပြ တောင်သူများအား အဆိုပြုပြောကြား
- ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပဲပုပ်ဆီအား ပုံသေဈေးနှုန်းသတ်မှတ်၍ ရောင်းချမည်
- ထိုင်းမူပိုင်ခွင့်ဌာနက နန်ပြည်နယ်ထွက် ကော်ဖီအား GI မှတ်ပုံတင်ရန် ဆောင်ရွက်
- အိန္ဒိယသည် နိုင်ငံအချို့သို့ ကြက်သွန်နီတင်ပို့မှုအား ခွင့်ပြု
- အိန္ဒိယနိုင်ငံ၏ဆောင်းကြက်သွန်နီ အထွက်ကျဆင်းဖွယ်ရှိကြောင်း ကုန်သည်များပြောကြား
- ပို့ကုန်တိုးမြှင့်နိုင်ရေးအရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ကတိပြုပြောကြားခဲ့
- လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား အမြန်လမ်းမအပါအဝင် အလားအလာရှိသောကဏ္ဍများ၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်ရန်ကြိုးပမ်း
- ACFTA သဘောတူညီချက်က တရုတ်နိုင်ငံသို့ ထိုင်းသကြားပို့ကုန် မြင့်တက်စေခဲ့
- နယူးဒေလီမြို့တော်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့ တားမြစ်
- ဟောင်ကောင် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်း များထုတ်ပြန်ကြေညာ
- အီးယူ၏ သစ်တောပြုန်းတီးမှုဥပဒေကြောင့် အကျပ်အတည်းနှင့်ရင်ဆိုင်နေရသော အင်ဒိုနီးရှားနိုင်ငံ၏ ရော်ဘာလုပ်ငန်း
- အမေရိကန်နိုင်ငံသို့ ပုစွန်တင်ပို့မှုအား ယာယီရပ်ဆိုင်းထားသင့်ကြောင်း ဖိလစ်ပိုင်ကုန်သွယ်/ စက်မှုဝန်ကြီးဌာနမှ အကြံပြုပြောကြား

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်သုတေသနဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၉၄၉၀
http://www.myantrade.org

- ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သကြားထုတ်လုပ်မှုကျဆင်းကာ ကမ္ဘာ့သကြား ဈေးနှုန်းများ မြင့်တက်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ခန့်မှန်း
- တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အေးခဲထားသော အုန်းရည်ထုတ်ကုန်များနှင့် ပတ်သက်၍ သတိပေးချက်ထုတ်ပြန်
- ဩစတြေးလျ နွားအရှင် တင်သွင်းခွင့် အင်ဒိုနီးရှား ပြန်လည်ခွင့်ပြု
- ဗီယက်နမ် ဒူးရင်းခြံများနှင့် ကော်ဖီစိုက်ခင်းများ မကြုံစဖူး ထူးထူးကဲကဲ အမြတ်များရရှိ

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- မွန်ပြည်နယ်အတွင်း ဝဥများ အဆင့်မြင့်တင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေး
- မြန်မာနိုင်ငံသားများ ပြည်ပသို့ ထွက်ခွာရာတွင်သုံးမည့် အသေးသုံးနိုင်ငံခြားငွေ ငွေသားကို လေဆိပ်ကောင်တာများအပြင် ပြင်ပရှိ ဘဏ်ကောင်တာများတွင်လည်း ဝယ်ယူနိုင်ကြောင်း ဗဟိုဘဏ်က အသိပေး

**ပြည်ပကုန်သွယ်မှုသတင်း**

- ရွှေဘိုသနပ်ခါးများ ထိုင်းနိုင်ငံမှ မှာယူမှုများရှိနေ
- ကျိုက်မရောဒေသထွက် ရော်ဘာပြားများ အရည်အသွေးကောင်းမွန်၍ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ တင်ပို့ လျက်ရှိ
- စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဦးမင်းမင်း (၁၅) ကြိမ်မြောက် ဗီယက်နမ်နိုင်ငံတကာ ပရိဘောဂနှင့် အိမ်အသုံးအဆောင်ပစ္စည်းများပြပွဲ အခမ်းအနားသို့ တက်ရောက်

**အထူးဆောင်းပါးများ**

- ဖိလစ်ပိုင်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုနှင့်ခရီးသွားလုပ်ငန်းကဏ္ဍတိုးမြင့် ဆောင်ရွက်သွားရန်သဘောတူညီခဲ့
- တရုတ်နိုင်ငံသည် စားသုံးမှုနှင့် ကုန်သွယ်မှုကို တွန်းအားပေးရန်အတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စေရန် ဆောင်ရွက်လျက်ရှိ

**ကုန်သွယ်မှုအခြေအနေ၊ ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### ဆန်၊ ဆန်ကွဲ၊ ဖွဲနုဈေးများ အနည်းငယ်ကျဆင်း

ပဲခူးကုန်စည်ဒိုင်တွင် ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ (၂၃.၂.၂၀၂၄)ရက်နေ့တွင် ဧည့်မထဆန် (မနောသုခ) တစ်အိတ်လျှင် (၈၂၀၀၀)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် လျှင် (၁၃၀၀၀၀)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁၁၀၀၀၀)ကျပ်၊ ဆန်ကွဲ (1,2) တစ်အိတ်လျှင် (၅၄၀၀၀ )ကျပ်၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် (၅၂၀၀၀)ကျပ်နှင့် ဖွဲနုတစ်အိတ်လျှင် (၁၅၉၀၀)ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။ (၁.၃.၂၀၂၄) ရက်နေ့တွင် ဧည့်မထဆန်(မနောသုခ) တစ်အိတ်လျှင် (၈၀၀၀၀)ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း) တစ်အိတ်လျှင် (၁၂၀၀၀၀)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁၀၀၀၀၀)ကျပ်၊ ဆန်ကွဲ(1,2) တစ်အိတ်လျှင် (၅၃၀၀၀)ကျပ်၊ ဆန်ကွဲ(2,3,4) တစ်အိတ်လျှင် (၅၁၀၀၀)ကျပ်နှင့် ဖွဲနု တစ်အိတ် လျှင် (၁၅၆၀၀)ကျပ် တို့ဖြင့် အရောင်းအဝယ် ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန် (မနောသုခ)တစ်အိတ်လျှင် (၂၀၀၀)ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း) တစ်အိတ်လျှင် (၁၀၀၀၀)ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်) တစ်အိတ်လျှင် (၁၀၀၀၀)ကျပ်၊ ဆန်ကွဲ (1,2) တစ်အိတ်လျှင် (၁၀၀၀)ကျပ်၊ ဆန်ကွဲ (2,3,4) တစ်အိတ်လျှင် (၁၀၀၀)ကျပ်နှင့် ဖွဲနု တစ်အိတ်လျှင် (၃၀၀) ကျပ်တို့ဖြင့် ဈေးကျဆင်းခဲ့ပါသည်။ ဆန်၊ ဆန်ကွဲ၊ ဖွဲနု ဈေးကျဆင်းသွားခြင်းမှာ ဝယ်လိုအားနည်းခြင်း၊ ပစ္စည်းများအဝင်များလာခြင်းတို့ကြောင့် ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံမှ သိရှိရသည်။ ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

Source: https://myantrade.gov.mm/article/bago%201.3.2024%201036

### အိန္ဒိယနိုင်ငံ၏ ပဲရည်ညွှန်းဈေးသတ်မှတ်မည့်သတင်းများကြောင့် ပို့ကုန်ပဲများ ဈေးကျဆင်းလာ

အိန္ဒိယနိုင်ငံ၏ ပဲရည်ညွှန်းဈေး သတ်မှတ်မည့်သတင်းများကြောင့် ပို့ကုန်ပဲများဈေးကျဆင်းနေကြောင်း ပဲကုန်သည်များ ထံကသိရသည်။ ပဲ၊ နှမ်းဈေးကွက်တစ်ခုလုံးမှာ ဈေးကျဆင်းမှုရှိလာတာကြောင့် စောင့်ကြည့် အရောင်းအဝယ်လုပ်နေကြတာ

ကြောင့် အရောင်းအဝယ်ခပ်အေးအေးသာရှိနေသော်လည်း ပြည်တွင်းမြေပဲဆန်မှာ ပြည်တွင်းစက်ပိုင်များ အဝယ်ကောင်းသဖြင့် ဈေးကောင်းရနေခြင်းဖြစ်သည်။

ပို့ကုန်ပဲတွေ သီတင်းပတ်နှစ်ပတ်ဆက်တိုက်ဈေးကျဆင်းနေကြောင်း စံချိန်တင်အမြင့်ဆုံးဈေးတွေ ပေါက်ဈေးရှိလာရာမှ အိန္ဒိယနိုင်ငံ၏ ပြည်တွင်းပဲဈေးနှုန်းကို သက်မှတ်ဈေးအတိုင်း ရောင်းချရန်ဆိုသည့် သတင်းများကြောင့် ရန်ကုန်ဝယ်လက်များ၏ စောင့်ကြည့်ဝယ်ယူမှုများကြောင့် ပြည်တွင်းပဲဈေးတွေကျဆင်းကြောင်း ပြည်တွင်းသုံးပဲမာလိုင်းများနယ်စုံဝင်လာတာကြောင့် အမြင့်ဈေးမှအနည်းငယ်ကျဆင်းလာကြောင်းရွှေစင်သိန်းပွဲရုံပိုင်ရှင်ကပြောသည်။

"ပဲစင်းငုံ၊ မတ်ပဲတွေ ဈေးကျဆင်းလာတယ်။ ပို့ကုန်ပဲစင်းငုံ တစ်အိတ် အမြင့်ဆုံးဈေး ငွေကျပ် ၄၂၀,၀၀၀ ထိ ပေါက်ဈေးရောက်မှ ဒီနေ့ပေါက်ဈေးတစ်အိတ် ငွေကျပ် ၃၆၅,၀၀၀ ထိဈေးကျဆင်းသွားတယ်။ ပြည်တွင်း ပဲမာလိုင်းတွေကလည်း အသစ်ဝင်ရောက်မှုများလာတယ်။ တစ်အိတ်ငွေကျပ် ၄ သိန်း ကျော် ပဲတွေကတော့ဈေးအေးလာမဲ့အခြေအနေရှိလာတယ်။ အိန္ဒိယနိုင်ငံမှာလည်း ပဲဈေးကို ရည်ညွှန်းဈေးသတ်မှတ်မဲ့သတင်းတွေကြောင့် ယခုလိုဈေးကျဆင်းလာတာပါ။ ဈေးကွက်တစ်ခုလုံးခြုံသုံးသပ်ရရင် လက်ရှိပေါက်ဈေးတွေနဲ့ အရောင်းအဝယ်ခပ်အေးအေးသာရှိနေတယ်။ မြေပဲဆန်တစ်မျိုးသာ ပြည်တွင်းစက်ပိုင်များ အဝယ်ကောင်းနေလို့ ဈေးအကောင်းကြီးမဟုတ်သော်လည်း အရောင်းအဝယ်သွက်နေတယ်" ဟု ၎င်းက ပြောသည်။

ဖေဖော်ဝါရီလ ၂၂ ရက်တွင် မတ်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၈၀,၀၀၀၊ ပဲစင်းငုံတစ်အိတ်လျှင် ငွေကျပ် ၃၆၆,၀၀၀ ပေါက်ဈေးဖြစ်လာသည်။ ပဲတီစိမ်းအညာ တစ်အိတ်လျှင် ငွေကျပ် ၁၈၅,၀၀၀ ပေါက်ဈေးဖြင့် ဈေးမြင့်တက်လာသည်။ ပြည်တွင်းသုံးကုလားပဲအုပ်စုမှာ အနည်းငယ်ဈေးကျဆင်းနေပြီး ဖေဖော်ဝါရီလ ၂၂ ရက်တွင် ကုလားပဲ V2 တစ်အိတ်လျှင် ငွေကျပ် ၂၆၇,၀၀၀၊ ကုလားပဲ v7 တစ်အိတ်လျှင် ငွေကျပ် ၂၇၀,၀၀၀၊ ထိုင်ဝမ်ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၂၆၀,၀၀၀၊ ၉၂၉ ကုလားပဲ တစ်အိတ်လျှင် ငွေကျပ် ၂၅၉,၀၀၀ ပေါက်ဈေးရှိနေသည်။

ပြည်တွင်းသုံး ပဲမာလိုင်းများမှာ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၃၅၅,၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင်ငွေကျပ် ၃၇၀,၀၀၀၊ ကျွန်းစားတော်ပဲတစ်အိတ်လျှင်ငွေကျပ် ၃၃၀,၀၀၀၊ ကနေဒါစားတော်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၄၁,၀၀၀၊ မြေပဲအနီ လုံးဆန်(မြင်းမူ)တစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀-၈၇၀၀ ပေါက်ဈေးရှိနေသည်။ ဖေဖော်ဝါရီလ ၂၂ ရက်တွင် နှမ်းဖြူ(ဂျပန်) ၄၅ ပိဿာ တစ်အိတ်လျှင် ငွေကျပ် ၄၁၅,၀၀၀၊ နှမ်းညိုတစ်အိတ်လျှင် ငွေကျပ် ၃၁၅,၀၀၀၊ နှမ်းဝါတစ်အိတ်လျှင် ငွေကျပ် ၃၂၀,၀၀၀၊ နှမ်းနက်စမုန် တစ်အိတ်လျှင် ငွေကျပ် ၄၂၀,၀၀၀ အသီးသီးပေါက်ဈေးရှိနေသည်။ Source: မကွေးဂျာနယ်

Source: https://myantrade.gov.mm/article/naypyitaw_23022024_239

## ကြက်သွန်နီဈေးပြန်တက်လာ

မကွေးတိုင်းဒေသကြီးအတွင်း မိုးကြက်သွန်နီများ ဈေးကွက်ထဲသို့ အများအပြားဝင်ရောက်လာသည်။ ကြက်သွန်နီအဓိကစိုက်ပျိုးထွက်ရှိရာ ပခုက္ကူ ဆိပ်ဖြူ ရေနံချောင်းနှင့် မင်းဘူး ဒေသတို့မှ ကြက်သွန်နီများ ဈေးကွက်ထဲသို့ ဝင်ရောက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသည်။ မိုးကြက်သွန်နီပေါ်စတွင် ဈေးရရှိသော်လည်း ဈေးကွက်ထဲသို့ အများအပြား ဝင်ရောက်လာချိန်တွင် ဈေးကျဆင်းသွားကာ ယခုလက်ရှိအချိန်မှာ ပြည်ပ ဝယ်လိုအားရှိနေတဲ့အတွက် ဈေးပြန်လည်မြင့် တက်လာသည်။

မိုးကြက်သွန်နီပေါ်စ ဒီဇင်ဘာလတွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၂၇၀၀)ထိ ဈေးရရှိခဲ့ပြီး လှိုင်လှိုင်ပေါ်ချိန်တွင် ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၁၅၀၀)ဈေးသာရရှိခဲ့ကာ ယခုအချိန် ဖေဖော်ဝါရီ လကုန် ပိုင်းတွင် ပြည်ပဝယ်လိုအားရှိနေ၍ ကြက်သွန်နီတစ်ပိဿာလျှင် ကျပ်(၂၈၀၀) ဈေးထိ ဈေးပေးဝယ်ယူနေသဖြင့် ကြက်သွန်စိုက်တောင်သူများ အဆင်ပြေလျက်ရှိနေသည်။ မကွေးတိုင်းဒေသကြီးဦးစီးမှူးရုံး,မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

https://myantrade.gov.mm/article/magway_132024_1022

## မြေပဲဆန်ဈေးကောင်းတာကြောင့် မြေနုကျွန်းစိုက်တောင်သူများ အဆင်ပြေ

ရော၀တီမြစ်ကြောင်းတစ်လျှောက် စိုက်ပျိုးသည့် မြေပဲဆန်များ ယခင်နှစ်ထက် ဈေးကွက်ဈေးကောင်းရရှိတာကြောင့် မြေနုကျွန်းစိုက်တောင်သူများအဆင်ပြေလျက်ရှိသည်။ မြေနုကျွန်းစိုက်မြေပဲစိုက်ခင်းများကို အောက်တိုဘာလ ၁၅ ရက်ဝန်းကျင်က စတင်စိုက်ပျိုးပြီး ဖေဖော်ဝါရီလဆန်းပိုင်းတွင် နုတ်သိမ်းရာ တစ်ဧက မြေပဲတင်း(၅၀)ခန့်ထွက်ရှိတာကြောင့်လည်း အထွက်နှုန်းကောင်းခဲ့သည်။ ထို့ပြင် မြေပဲဆန်ဈေးမှာလည်း ပိဿာ ၁၀၀ လျှင် ငွေကျပ် ၈၇၀,၀၀၀ ကျော် ပေါက်ဈေးရှိတာကြောင့်လည်း တောင်သူများထပ်ဆင့်အကျိုးအမြတ်ကောင်းခဲ့ကြောင်း ပုသိမ်ကြီးမြို့နယ်၊ သံဘိုကျွန်းကျေးရွာမှ မြေပဲစိုက်တောင်သူတစ်ဦးကပြောသည်။

"မြေနုကျွန်းစိုက်ခင်းတွေကို စက်တင်ဘာလရေကျချိန်မှာ မြေပြုပြင်ပြီး ဈေးကွက်ကောင်းမည့်သီးနှံကိုရွေးချယ် စိုက်ပျိုးခဲ့တာပါ။ သီးနှံရွေးချယ်မှုကလည်း အရေးကြီးပါတယ်။ မြေနုကျွန်းရာသီဥတုနဲ့ ကိုက်ညီတဲ့သီးနှံလည်းဖြစ်တယ်။ အထွက်နှုန်း

လည်းကောင်းသလို ဒီနှစ်မြေပဲဈေးကွက်ကောင်းတော့ တောင်သူတွေအဆင်ပြေကြပါတယ်" ဟု ၎င်းကပြောသည်။ မြေနုကျွန်း စိုက်ခင်းများစိုက်ပျိုးရာတွင် ထွန်ယက်စိုက်ပျိုးစရိတ်၊ သွင်းအားစုများဈေးကောင်းခြင်း၊ လုပ်သားစရိတ်၊ စက်သုံးဆီဈေးများ ကြီးမြင့်တာကြောင့် တစ်ဧက စိုက်ပျိုးစရိတ်ငွေကျပ် ၆ သိန်းဝန်းကျင် ကုန်ကျသော်လည်း မြေပဲဆန်ဈေး ကောင်းမွန်တာကြောင့် တစ်ဧက ငွေကျပ် ၁၄ သိန်းခန့် အကျိုးအမြတ်ရရှိကြောင်းသိရသည်။Source: မကွေးဂျာနယ်

Source:https://myantrade.gov.mm/article/naypyitaw_23022024_254

## နိုင်ငံတကာဈေးကွက်

### အင်ဒိုနီးရှားက မြန်မာ့ဆန် တတိယအများဆုံးတင်သွင်းခဲ့

Statistics Indonesia (BPS) ၏ အချက်အလက်များအရ ထိုင်းနိုင်ငံသည် အင်ဒိုနီးရှား၏ အကြီးမားဆုံး ပြည်ပဆန် တင်သွင်းသည့်နိုင်ငံဖြစ်ပြီး ယမန်နှစ်က ထိုင်းဆန် အမေရိကန်ဒေါ်လာ ၁၅၃ သန်းဖိုး တင်သွင်းခဲ့သည်။ ဒုတိယအများဆုံးမှာ ပါကစ္စတန်ဖြစ်ပြီး ပါကစ္စတန်ဆန် အမေရိကန်ဒေါ်လာ ၇၉ ဒသမ ၃ သန်းဖိုး တင်သွင်းခဲ့သည်။ မြန်မာ့ဆန်သည် တတိယ အများဆုံးဖြစ်ပြီး အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉၈ သန်းဖိုး တင်သွင်းခဲ့သည်။ ဇန်နဝါရီလတွင် ဆန် ၄၄၃,၉၁၃ တန် တင်သွင်းခဲ့ပြီး စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၉ သန်း ဖြစ်သည်။

ထိုသို့ပြည်ပမှ ဆန်များ တင်သွင်းလျက်ရှိသော်လည်း ဆန်ဝယ်စားကြသူများသည် သမားရိုးကျ ဈေးများ၊ ဆူပါမားကက် များ၊ မီနီမားကက်များတွင် ဆန်ရှားပါးနေပြီး ဈေးမြင့်မားနေသည်ကို ရင်ဆိုင်နေကြရသည်။ ဆန် တစ်လီတာ ယခင်က ရူပီယာ ၁၃,၀၀၀ သို့ မြင့်တက်လာခဲ့ပြီး ယခုအခါ ရူပီယာ ၁၆,၀၀၀ (အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၂) သို့ ရောက်ရှိနေသည်။ ဆန် အကောင်းစားသည် တစ်လီတာ ရူပီယာ ၂၃,၀၀၀ သို့ရောက်ရှိနေသည်။ ဆန်ဈေး မြင့်လွန်းနေသဖြင့် လက်လီရောင်းချသူများ သည် ဆိုင်မှာ ဆန်မရောင်းနိုင်ကြတော့ချေ။

"မနှစ်က တင်သွင်းမှုက တန်ချိန် ၂ ဒသမ ၈ သန်းရှိပြီး ဒီနှစ်မှာ တန်ချိန် ၂ သန်းသွင်းဖို့ အစီအစဉ် ရှိတယ်။ ဒါပေမဲ့ တစ်ကယ်လို့ ပြည်တွင်းစပါးထွက်တာ လုံလောက်တယ်ဆိုရင်မတင်သွင်းတော့ဘူး"ဟု Eddy က ပြောကြားသည်။ ဓာတ်မြေသြဇာဈေးနှုန်းများမြင့်မားခြင်းနှင့် ၂၀၂၃ ခုနှစ်တွင် အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာသော အခြေအနေများ အရ စပါးရိတ်သိမ်းမှု နှောင့်နှေးမှုများ အပါအဝင် ထုတ်လုပ်မှုစရိတ်များ မြင့်မားလာခြင်းကြောင့် ဈေးနှုန်းတိုးလာရခြင်းဖြစ် သည်ဟု အေဂျင်စီက ပြောကြားသည်။

"အခုအထိတော့ ဈေးကစားဖို့ ဆန်လှောင်ထားတာမရှိပါဘူး။ အားလုံး ပုံမှန်စီးဆင်းပြီး ရောင်းဝယ် ဖောက်ကားနေ ကြတယ်။ ဒီတော့ ဈေးနှုန်းတွေလည်း ပုံမှန်ပြန်ဖြစ်လာမယ် ထင်ပါတယ်" ဟု Eddy က ပြောကြားသည်။ Bapanas အကြီး အကဲ Arief Prasetyo Adi က ၂၀၂၄ ခုနှစ် ပထမနှစ်လတွင် ဆန်ပြတ်လပ်မှု ဖြစ်နိုင်ကြောင်း ယခုနှစ်အစောပိုင်းတွင် သတိပေး ခဲ့သည်။

ပြည်တွင်းဆန်ထုတ်လုပ်မှုသည် လက်ရှိတွင် တစ်လလျှင် တန်ချိန် တစ်သန်းခန့်သာရှိပြီး တစ်နိုင်ငံလုံးတွင် တစ်လလျှင် ဆန်တန်ချိန် ၂ ဒသမ ၆ သန်း လိုအပ်နေကြောင်း Arief မှ ပြောကြားခဲ့သည်။ အယ်လ်နီညိုရာသီဥတုကြောင့် ဖြစ်ပေါ်လာ သောအခြေအနေများအရ စပါးရိတ်သိမ်းမှု နှောင့်နှေးသဖြင့် ဆန်သစ် ပေါ်ချိန်နောက်ကျပြီး အလျှဉ်မမီ ဖြစ်နေသည်ဟု ၎င်းက ပြောကြားသည်။

သို့ဖြစ်ရာ ဆန်သစ်များ ဝင်မလာခင်စပ်ကြားတွင် ယမန်နှစ်က ဝယ်ယူသိုလှောင်ထားသည့် ဆန်များထုတ်ရောင်း ပေးပြီး ဖြည့်တင်းပေးမည်။

ကုန်သွယ်ရေးဝန်ကြီး Zulkifli Hasan က အစိုးရသည် ယမန်နှစ်က ဆန်တင်သွင်းမှု ခွဲတမ်းမှတင်သွင်းဖို့ ကျန်ရှိနေ သေးသည့် တန်ချိန် ၆ သိန်းခန့်ကို တင်သွင်းမည်ဖြစ်ပြီး မတ်လကုန်ပိုင်းတွင် အင်ဒိုနီးရှားသို့ ရောက်ရှိလာမည်ဟု ပြောကြား သည်။ ထို့ပြင် ဆန်တန်ချိန် ၂ သန်း တင်သွင်းပြီး ဆန်မလုံလောက်သည့် ပြဿနာကို ဖြေရှင်းမည်။ အင်ဒိုနီးရှားသည် ပြည်တွင်း ဆန်ပြတ်လပ်ပြီး ဈေးတက်လာနေခြင်းကို ထိန်းပေးနိုင်ရန် ထိုင်းနိုင်ငံမှ ဆန်တင်သွင်းမည် ဖြစ်သည်။

အမျိုးသားစားနပ်ရိက္ခာအေဂျင်စီ (Bapanas) သည် ဆန်ပြတ်လပ်မှုနှင့် နိုင်ငံတစ်ဝှမ်း ဈေးနှုန်းများ ခေါင်ခိုက်အောင် မြင့်တက်နေခြင်းကို တိုက်ဖျက်ရန်အတွက် ထိုင်းနိုင်ငံမှ ဆန်တန်ချိန် ၂ သန်း တင်သွင်းရန် စီစဉ်နေကြောင်း အေဂျင်စီ၏ အတွင်းရေးမှူး Sarwo Edhy က ပြောကြားခဲ့သည်။ Source asianews

Source:https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7504-asia-rice.html

### ဆန်လုံလောက်မှုရှိသော်လည်း ဆက်လက်ဝယ်ယူတင်သွင်းရန် အင်ဒိုနီးရှား ကြိုးပမ်းနေ

အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၂၃ နှစ်ကုန်ပိုင်းတွင် မီနီမားကက်များနှင့် ဆူပါမားကက်များ၌ ဆန်ရောင်းချမှု ကန့်သတ်ချက်များ တိုးမြင့်လာနေချိန်တွင် ဆန်လက်ကျန်များ လုံလောက်မှုရှိကြောင်း အစိုးရက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့၌ ပြောဆို

ခဲ့သည်။ နိုင်ငံတော်သမ္မတနှင့် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ပြီးနောက် ဆန်လက်ကျန် လုံလောက်မှုအပေါ် အာမခံကြောင်းနှင့် ခေတ်မီလက်လီအရောင်းဆိုင်များအတွက် ဆန်ရရှိနိုင်မှုကို အရှိန်မြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အင်ဒိုနီးရှား အမျိုးသား စားနပ်ရိက္ခာအေဂျင်စီ၏ အကြီးအကဲ Arief Prasetyo Adi က သတင်းထောက်များအား ပြောကြားခဲ့ခြင်းဖြစ်သည်။

ခေတ်မီလက်လီဆိုင်များတွင် ၅ ကီလိုဂရမ်ဝင် ဆန်အိတ်များ ရရှိနိုင်မှုမှာ ၂၀၂၃ ခုနှစ် စက်တင်ဘာလဝန်းကျင် ကတည်းက ရှားပါးလာသည်ဟု သတင်းများထွက်ပေါ်ခဲ့ပြီးနောက် လက်လီဝယ်ယူသူများအတွက် ကန့်သတ်ချက်တစ်ခုဖြစ်လာ ခဲ့သည်။ လက်လီစီးပွားရေးလုပ်ငန်းများအသင်းမှ အကြီးအကဲ Roy Mandey က ကန့်သတ်ချက် များရှိနေသည်ကို အတည်ပြု လျက် ဖြန့်ဖြူးမှုသေချာစေရန်နှင့် ထပ်ဆင့်ပြန်လည်ရောင်းချခြင်းကို ရှောင်ကြဉ်နိုင်စေရန်အတွက် ထိုသို့လုပ်ဆောင်ရခြင်း ဖြစ်ကြောင်း၊ ဆန်များဝယ်ယူရရှိနိုင်မှု လွယ်ကူစေရေးအတွက်လည်း အသင်းကကြိုးပမ်းလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အပတ်စဉ် တနင်္လာနေ့တွင် ထုတ်လွှင့်သည့် ငွေကြေးဖောင်းပွမှု အချက်အလက်များအရ ဆန်ဈေးသည် ဖေဖော်ဝါရီလ လယ်တွင် ၁ ဒသမ ၆၅ ရာခိုင်နှုန်းမြင့်တက်ခဲ့သည်။ ဇန်နဝါရီလတွင် ဆန်တန်ချိန် ၁ ဒသမ ၆၃ သန်းနှင့် ဖေဖော်ဝါရီလ၌ တန်ချိန် ၁ ဒသမ ၁၅ သန်း လိုအပ်ချက်ဖြစ်ပေါ်ခဲ့ကြောင်း အင်ဒိုနီးရှား စိုက်ပျိုးရေး ဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။ အစိုးရသည် ၂၀၂၄ ခုနှစ်တွင် ဆန် တန်ချိန် ၂ ဒသမ ၄၄ သန်း တင်သွင်းရန် စီစဉ်ထားပြီး ၎င်းအနက် တန်ချိန် ၄၄၅,၀၀၀ ခန့်မှာ ၂၀၂၃ ခုနှစ်အတွက် တင်သွင်းရန်ကျန် ကိုတာခွဲတမ်းကို ဆက်လက်ဖော်ဆောင်ခြင်းဖြစ်ကြောင်း အမျိုးသား စားနပ်ရိက္ခာအေဂျင်စီက ပြောကြားခဲ့သည်။

အင်ဒိုနီးရှားသည် G2G အစီအစဉ်အရ ထိုင်းနိုင်ငံမှ ဆန်မက်ထရစ်တန်ချိန် ၂ သိန်းကို တင်သွင်းရန် ကြိုးပမ်းလျက်ရှိ ကြောင်း နိုင်ငံပိုင်စားနပ်ရိက္ခာဝယ်ယူရေးအေဂျင်စီ (Bulog) က ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပြောဆိုခဲ့သည်။ ဗီယက်နမ်၊ မြန်မာနှင့် ပါကစ္စတန်တို့မှလည်း ဆန်တန်ချိန် ၅ သိန်းကို ဝယ်ယူရန် စာချုပ်ချုပ်ဆိုခဲ့ကြောင်း ယခုလအစောပိုင်းတွင် Bulog က ပြောကြားထားသည်။

အင်ဒိုနီးရှားအစိုးရသည် ယခုနှစ်တွင် ဆန်တန်ချိန် ၂ သန်းတင်သွင်းရန် ကိုတာခွဲတမ်းကို အတည်ပြုထားပြီး ရှေ့ လာမည့်မတ်လတွင် လေးပုံတစ်ပုံရောက်ရှိမည်ဟု မျှော်လင့်ထားကြောင်း၊ ဇန်နဝါရီနှင့် ဖေဖော်ဝါရီလ တွင် ယခင်နှစ်ကာလတူ ထုတ်လုပ်နိုင်မှုအောက် ၄၆ ရာခိုင်နှုန်းလျော့ကျလျက် ဆန်တန်ချိန် ၂ ဒသမ၂၅ သန်းခန့် သာ ထွက်ရှိနိုင်သဖြင့် ကနဦး ခန့်မှန်း ခဲ့သော အင်ဒိုနီးရှားနိုင်ငံ၏ ၂၀၂၄ ခုနှစ် ဆန်ထွက်ရှိနိုင်မှု မက်ထရစ်တန်ချိန် ၃၂ သန်း ခန့်မှန်းချက်ကို ပြန်လည်လျှော့ချခဲ့ ရ ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

ခြောက်သွေ့သော အယ်လ်နီညိုရာသီဥတုကြောင့် ပြီးခဲ့သည့်နှစ်တွင် ဆန်စပါးထုတ်လုပ်မှု အလျဉ်ပြတ် တောက်ခဲ့ သော်လည်း ယခုနှစ်၌ ထုတ်လုပ်မှု ပြန်လည်ကောင်းမွန်ရန် မျှော်လင့်ရကြောင်းနှင့် အယ်လ်နီညိုသည် ၂၀၂၄ ခုနှစ် အစောပိုင်းထိ ဆက်လက်တည်ရှိနေရာမှ ဧပြီလတွင် တစ်ဖြည်းဖြည်း ပျက်ပြယ်သွားဖွယ်ရှိသည်ဟု အင်ဒိုနီးရှား မိုးလေဝသအေဂျင်စီက ခန့်မှန်းထားကြောင်း သိရှိရသည်။

Source: Bangkok Post, 12 Feb 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့် လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_19022024_338

## အိန္ဒိယသည် အချို့သော ဆန်မျိုးကွဲများအတွက် HSN Code များဖော်ထုတ်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အိန္ဒိယနိုင်ငံသည် ပြည်တွင်း၌ စားသုံးမှုမရှိသော ဆန်စပါးမျိုးများကို ပြည်ပသို့တင်ပို့နိုင်ရန်အတွက် အချို့သော ဆန် မျိုးကွဲများအတွက် ကုန်ပစ္စည်းအမျိုးအစားခွဲခြားခြင်း စည်းဝါးညီစနစ်(Harmonized System of Nomenclature-HSN) ကုဒ် များဟုခေါ်သော အကောက်ခွန်ကုဒ်အသစ်များဖော်ထုတ်ရန် လုပ်ဆောင်နေကြောင်း တာဝန်ရှိသူများက ပြီးခဲ့သည့်အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

လက်ရှိတွင် အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အမျိုးအစားအားလုံးကို တင်ပို့ခွင့် ပိတ်ပင်ထားပြီး စိုက်ပျိုးရေးနှင့် စားသောက်ကုန်များပြည်ပတင်ပို့ရောင်းချမှုတိုးတက်ရေးအာဏာပိုင်အဖွဲ့ (APEDA)သည် ဆန်နီ၊ ဆန်နက်နှင့် ကလန်နမတ်ဆန်(Kalanamak Rice)ကဲ့သို့သော GI (ပထဝီဝင်အညွှန်းများ) တံဆိပ်ပါသော ဆန်မျိုးကွဲများအတွက် သီးခြား HSN ကုဒ်များကို အသုံးပြုနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကုန်သွယ်ရေးဌာနမှ Additional Secretary ဖြစ်သူ Rajesh Agarwal က အိန္ဒိယတွင် ဘာစမာတီမဟုတ်သည့် ဆန်အမျိုးအစားပေါင်း ၄၀-၅၀ရှိကြောင်း၊ အစိုးရက ဘာစမာတီမဟုတ်သည့် ဆန်ဖြူတင်ပို့မှုအား တားမြစ်လိုက်သည့်အခါတွင် Sona Masuri၊ Govind Bhog၊ Kalanamak စသည့် ဘာစမာတီမဟုတ်သည့် ဆန်ဖြူအမျိုးအစားများတင်ပို့မှုကို များစွာ ထိခိုက်မှုရှိစေခဲ့ကြောင်း၊ တစ်ချို့သောဆန်မျိုးကွဲအချို့အတွက် HSN ကုဒ်အသစ်ကို ဖော်ထုတ်ရခြင်းသည် စက်မှုလက်မှု

လုပ်ငန်းရှင်များမှ တောင်းဆိုခြင်းကြောင့်ဖြစ်ပြီး လုပ်ငန်းရှင်များနှင့် အသေးစိတ်ညှိနှိုင်းပြီးနောက် ဆုံးဖြတ်ချက်ချမည်ဖြစ်ကြောင်း ပြောကြားထားသည်။

ထို့ပြင် ဆန်တင်ပို့မှုတားမြစ်ပိတ်ပင်မှုကြောင့် နိုင်ငံ၏အဓိကအစားအစာဖြစ်သည့် ပုံမှန်စပါးမျိုးများအား ဆက်လက်စိုက်ပျိုးထုတ်လုပ်ရန် လယ်သမားများအတွက် လုံလောက်သည့် မက်လုံး၊ ဆွဲဆောင်မှုများရှိ / မရှိသိရှိနိုင်ရန် စောင့်ကြည့်လေ့လာလျက်ရှိကြောင်း၊ လက်ရှိတွင် ဘာစမာတီမဟုတ်သော ဆန်အတွက် HSN Code ခြောက်ခုနှင့် ဘာစမာတီဆန်အတွက် HSN Code တစ်ခုရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုနှစ်တွင် ပင်လယ်နီဒေသအကျပ်အတည်းသည် အိန္ဒိယ၏ဆန်တင်ပို့မှုအပေါ် ကြီးမားသောသက်ရောက်မှုများရှိလာနိုင်ကြောင်း၊ အစိုးရက ဆန်၊ သကြားနှင့် ဂျုံတင်ပို့မှုကန့်သတ်ချက်များကြောင့် အိန္ဒိယ၏ လယ်ယာထွက်ကုန်တင်ပို့မှုမှာ ၉ ရာခိုင်နှုန်းကျဆင်းသွားနိုင်သော်လည်း အိန္ဒိယအနေဖြင့် ဝက်မြေဥ(Water Chestnut)နှင့် ကြာစေ့ (Makhana-fox nut) ကဲ့သို့သော ကုန်စည်အမျိုးအစားသစ်များကို စတင်တင်ပို့မှုများ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ၂၀၂၂-၂၃ တွင် ဆန်တန်ချိန် ၂၂ သန်း တင်ပို့နိုင်ခဲ့ကြောင်း၊ ယခုနှစ်တွင် ပြည်တွင်း ဆန်ဖြူပိုလျှံမှုရှိ / မရှိ မသေချာသေးသည့်အတွက် ဘာစမာတီမဟုတ်သည့်ဆန်ဖြူများ တင်ပို့နိုင်မည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

APEDA ဥက္ကဋ္ဌ Abhishek Dev ၏ပြောကြားချက်အရ အိန္ဒိယ၏ လယ်ယာထွက်ကုန်များ တင်ပို့မှုသည် ၁၉၈၇-၈၈ တွင် ကန်ဒေါ်လာ သုည ဒသမ ၆ ဘီလီယံသာရှိခဲ့ရာမှ ၂၀၂၂-၂၃ ခုနှစ်တွင် ကန်ဒေါ်လာ ၂၆ ဒသမ ၇ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ အိန္ဒိယသည် နိုင်ငံပေါင်း ၂၀၀ ကျော်သို့ တိုးချဲ့တင်ပို့ခဲ့ပြီး ယခုအခါ လတ်ဆတ်သောသစ်သီးဝလံများကို နိုင်ငံပေါင်း ၁၁၁ နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း၊ ပြည်ပတင်ပို့သည့် အဖွဲ့အစည်းများသည် သရက်သီးနှင့်သလဲသီးများကို ပင်လယ်ရေကြောင်းမှတစ်ဆင့် အမေရိကန်နှင့် ဥရောပ သမဂ္ဂနိုင်ငံများသို့ စမ်းသပ်တင်ပို့ရန် စီစဉ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံသည် ၎င်းတို့၏ပထဝီဆိုင်ရာညွှန်ပြချက်(GI)ရရှိထားသော ဆန်မျိုးကွဲများအတွက် HSN ကုဒ်အသစ်များဖော်ထုတ်၍ ပြည်ပသို့ တင်ပို့နိုင်ရေးကြိုးပမ်းနေမှုအခြေအနေ၊ ဝက်မြေဥ၊ ကြာစေ့ကဲ့သို့သော အစေ့အဆန် ကုန်စည်အသစ်များအား ပြည်ပနိုင်ငံများသို့ စမ်းသပ်တင်ပို့နေမှုအခြေအနေများကို သိရှိနိုင်ပါရန်နှင့် မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပတင်ပို့ရန် အလားအလာရှိသော လယ်ယာစိုက်ပျိုးရေးထုတ်ကုန်သစ်များကို ဖော်ထုတ်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရှိရသည်။

Source: India working to develop HSN codes for certain varieties of rice, The Economic Times, February 14, 2023., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-26022024-12:05

## အိန္ဒိယအစိုးရက ပဲစင်းငုံအား ဈေးကွက်ပေါက်ဈေးအတိုင်းဝယ်ယူနေသော်လည်း ရောင်းချသူနည်းပါးလျက်ရှိ

ပဲစင်းငုံအရန်သိုလှောင်မှုများ ပြန်လည်ဖြည့်တင်းရန်အတွက် ဗဟိုအစိုးရက ဈေးကွက်ပေါက်ဈေးဖြင့် ဝယ်ယူရေးကြိုးပမ်းဆောင်ရွက်ချက်ကြောင့် ဈေးကွက်အတွင်း ဈေးနှုန်းမြင့်တက်ခဲ့သော်လည်း မျှော်မှန်းထားသကဲ့သို့ တောင်သူများက ရောင်းချမှုမရှိသည်ကို တွေ့ရှိရသည်ဟု ကုန်သည်လုပ်ငန်းရှင်များက ပြောကြားထားသည်။

အခြေခံတောင်သူလယ်သမားများက ပဲစင်းငုံအား ပုဂ္ဂလိကကုန်သည်များသို့ ရောင်းချနေသည်ကို တွေ့ရှိရသော်လည်း တောင်သူကြီးများက ရာသီသစ်သီးနှံ အထွက်နှုန်းကျဆင်းမှုကြောင့် ပဲစင်းငုံဈေးနှုန်း ဆက်လက်ခိုင်မာဈေးကောင်းရရှိမည်ဟု မျှော်လင့်သောကြောင့် ရောင်းချခြင်းမပြုဘဲ ကိုင်ထားကြကြောင်း ကုန်သည်များက ပြောကြားထားသည်။

ပဲစင်းငုံဝယ်ယူရန် ဗဟိုအစိုးရ၏အေဂျင်စီတစ်ခုဖြစ်သည့် အိန္ဒိယနိုင်ငံအမျိုးသားစိုက်ပျိုးရေးသမဝါယမ ဈေးကွက်ရှာဖွေရေးအဖွဲ့ချုပ်(Nafed)သည် မဟာရက်ရှ်ထရာနှင့် ကာနာတာကာပြည်နယ်တို့တွင် ဝယ်ယူရေးစင်တာများဖွင့်လှစ်၍ ပုဂ္ဂလိကကုန်သည်များနှင့် ယှဉ်ပြိုင်ဝယ်ယူရန် ဈေးကွက်အတွင်းသို့ ပထမဆုံးအကြိမ် ဝင်ရောက်လာကြောင်း၊ သို့ရာတွင် ကုန်သွယ်မှုသတင်းရင်းမြစ်များအရ Nafed သည် ယခင်အပတ်အထိ ပဲစင်းငုံမက်ထရစ်တန် ၂၀၀၀ ခန့်သာ ဝယ်ယူရရှိခဲ့ကြောင်း သိရှိရသည်။

ပဲစင်းငုံအား အစိုးရသို့ရောင်းချရာတွင် အစိုးရကကျင့်သုံးသည့် ဈေးနှုန်းဖော်မြူလာမှာ ယခင်သုံးရက်၏ ပျမ်းမျှဈေးနှုန်းကိုအသုံးပြုထားခြင်းနှင့် တင်းကျပ်သောအရည်အသွေးစံနှုန်းများ၊ လုပ်ထုံးလုပ်နည်းများသည် တောင်သူများ၏ အစိုးရထံသို့ ပဲစင်းငုံရောင်းချရန် စိတ်ဝင်စားမှုနည်းပါးသည့် အကြောင်းအရင်းတစ်ရပ်ဖြစ်ကြောင်း၊ အစိုးရ၏ ဈေးနှုန်းသတ်မှတ်ချက်မှာ ဈေးကွက်ပေါက်ဈေးထက် ၃ ရူပီးမှ ၄ ရူပီးအထိ လျော့နည်း သောကြောင့် တောင်သူများက အစိုးရအေဂျင်စီထက် ပုဂ္ဂလိကကုန်သည်များကိုသာ ပဲစင်းငုံရောင်းချရန် ရွေးချယ်ကြကြောင်း မဟာရက်ရှ်ထရာပြည်နယ်ရှိ ပဲကြိတ်ခွဲစက်လုပ်ငန်းရှင်တစ်ဦးဖြစ်သူ Rupesh Rathi က ပြောကြားထားသည်။

လက်ရှိတွင် ပဲစင်းငုံဈေးနှုန်းများသည် လက်ကားဈေးကွက်တွင် တစ်ကီလိုလျှင် ၁၀၀ ရူပီးခန့်ရှိပြီး အစိုးရ၏ အနိမ့်ဆုံး ပံ့ပိုးဈေးနှုန်း တစ်ကီလိုလျှင် ၇၀ ရူပီးထက် ၄၀ ရာခိုင်နှုန်းခန့်ပိုမိုကြောင်း၊ ပဲစင်းငုံကြိတ်ခွဲစက်များတွင် ကြိတ်ခွဲပြီးဖြစ်သည့် ပဲစင်းငုံ(ခွဲခြမ်း)ဈေးနှုန်းမှာ စက်ရုံပေါက်ဈေးအနေဖြင့် တစ်ကီလိုဂရမ်လျှင် ရူပီး ၁၄၀-၁၄၅ ဝန်းကျင်ရှိပြီး လက်လီဈေးကွက်တွင် တစ်ကီလိုဂရမ်လျှင် ၁၈၀ ရူပီးနှင့် အထက်ရှိကြောင်း သိရှိရသည်။

အစိုးရသည် ပဲစင်းငုံဝယ်ယူရေးအတွက် ရုန်းကန်နေရသော်လည်း ဈေးကွက်တွင် ၎င်းတို့ ဝင်ရောက်လာမှုကြောင့် ပဲစင်းငုံဈေးနှုန်းသည် ပြီးခဲ့သည့်နှစ်လအတွင်း ၁၅ ရာခိုင်နှုန်းခန့်တိုးလာကြောင်းနှင့် ယင်းကြောင့် ဈေးကွက်အတွင်း ပဲစင်းငုံဈေးနှုန်းမှာလည်း ကျဆင်းရန်အလားအလာ မမြင်သေးကြောင်း အိန္ဒိယနိုင်ငံလုံးဆိုင်ရာ ပဲ၊ ကြိတ်ခွဲစက်လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ Suresh Agarwal က ပြောကြားခဲ့သည်။

Source: Not many takers for govt drive to procure tur dal at market rates, The Economic Times, 7 February 2024., (မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)-27022024-14:05

## အိန္ဒိယအစိုးရက သီးနှံငါးမျိုးအား လာမည့် (၅) နှစ်အထိ အာမခံဈေးနှုန်းဖြင့်ဝယ်ယူသွားရန် ဆန္ဒပြတောင်သူများအား အဆိုပြုပြောကြား

အိန္ဒိယအစိုးရအနေဖြင့် လတ်တလောဖြစ်ပေါ်လျက်ရှိသော တောင်သူလယ်သမားများမှ ဆန္ဒပြပွဲများကို ရပ်တန့်ရန် အလို့ငှာ သီးနှံငါးမျိုးအား လာမည့်(၅)နှစ်တာကာလအတွင်း အာမခံဈေးနှုန်းဖြင့် ဝယ်ယူသွားရန် အဆိုပြုပြောကြားခဲ့ကြောင်း သိရသည်။ အဆိုပါသီးနှံငါးမျိုးမှာ ဝါ၊ ပြောင်း၊ မတ်ပဲ၊ ပဲစင်းငုံနှင့် ပဲနီလေး တို့ဖြစ်ကြသည်။ တောင်သူလယ်သမားများအနေဖြင့် အဆိုပါသီးနှံများကို သတ်မှတ်ဈေးအတိုင်း အစိုးရထံ အရေအတွက်ကန့်သတ်ချက်မရှိဘဲ ရောင်းချသွားနိုင်မည်ဖြစ်သည်။

သို့သော် တောင်သူလယ်သမားများအနေဖြင့် အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းဥပဒေသည် သီးနှံအမျိုးအစား အားလုံးကို လွှမ်းခြုံမှုရှိရန် တောင်းဆိုလျက်ရှိသည်။ ၎င်းတို့မှ တောင်းဆိုထားသော အချက်ဖြစ်သည့် ပုဂ္ဂလိကကုမ္ပဏီများမှ သီးနှံများကို အနိမ့်ဆုံးသတ်မှတ်ဈေးအတိုင်း ဝယ်ယူရေးဥပဒေတစ်ရပ်ပြဋ္ဌာန်းပေးဖို့ကိစ္စကိုမူ အစိုးရအနေဖြင့် လတ်တလောသဘောတူညီထားခြင်းမရှိသေးပေ။ တောင်သူလယ်သမားများအနေဖြင့် ပုဂ္ဂလိက ကုမ္ပဏီများမှ ၎င်းတို့၏သီးနှံများကို ဈေးနှုန်းအနိမ့်ဖြင့် ဝယ်ယူသွားဖွယ်ရှိသည့်အခြေအနေမှ အကာအကွယ်ပေးရန် အဆိုပါဥပဒေပြဋ္ဌာန်းပေးရေး အစိုးရထံတိုက်တွန်းတောင်းဆိုသွားမည်ဖြစ်သည်။

ဆန္ဒပြခေါင်းဆောင်များအနေဖြင့် အစိုးရ၏အဆိုပါကမ်းလှမ်းချက်အပေါ် စဉ်းစားသုံးသပ်ရန် အချိန်အနည်းငယ် လိုအပ်ကြောင်းနှင့် အကယ်၍ ၎င်းအားလက်သင့်မခံပါက ယခုလ ၂၁ ရက်နေ့တွင် ဆန္ဒပြမှုများ ပြန်လည်စတင်သွားရန် စီစဉ်ထားကြောင်း သိရသည်။ အစိုးရအနေဖြင့် သီးနှံဈေးနှုန်းအတွက် အာမခံချက်ပေးရန် တစ်စိတ်တစ်ပိုင်းသဘောတူညီထားသော်လည်း တောင်သူလယ်သမားများကမူ ကြွေးမြီများလျှော်ပေးရန်နှင့် မြေယာဝယ်ယူမှုဆိုင်ရာပုံသေနည်း(land acquisition formula)အား အကောင်အထည်ဖော်ဆောင်ရွက်ပေးရန် စသည့်သီးနှံဈေးကွက်တစ်ခုလုံး အကာအကွယ်ရရှိနိုင်ရေးအတွက် ကျယ်ကျယ်ပြန့်ပြန့်တောင်းဆိုလျက်ရှိသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းမှ ထောင်နှင့်ချီသော တောင်သူလယ်သမားများက ချီတက်ဆန္ဒပြမှု ရက်သတ္တပတ်ကြာမြင့်သည့်အချိန်၊ ယခုလ ၁၈ ရက် ညနေပိုင်း၌ အစိုးရနှင့် တောင်သူလယ်သမားထုအကြား ယခုကဲ့သို့ ဆွေးနွေးညှိနှိုင်းမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆန္ဒပြတောင်သူများသည် ယခုလ (၁၂) နေ့မှစတင်၍ နယူးဒေလီမြို့တော်သို့ဦးတည်၍ Punjab ပြည်နယ်နှင့် Haryana ပြည်နယ်နယ်စပ်အထိ ချီတက်စုဝေးလာကြရာ အိန္ဒိယရဲတပ်ဖွဲ့မှ သံဆူးကြိုးများ၊ ကွန်ကရစ်တုံးများဖြင့် တားဆီးပိတ်ဆို့ထားခဲ့ခြင်းဖြစ်သည်။

အိန္ဒိယအစိုးရက သီးနှံငါးမျိုးအား လာမည့်(၅)နှစ်အထိ အနိမ့်ဆုံးထောက်ပံ့ဈေးနှုန်းအတိုင်း ဝယ်ယူသွားရန် အဆိုပြုကမ်းလှမ်းချက်အပေါ် တောင်သူလယ်သမားများကလက်ခံရန်စဉ်းစားလျက်ရှိသည့်အတွက် ဆန္ဒပြပွဲများခေတ္တရပ်နားထားသည့် အခြေအနေဖြစ်သည်။ အကယ်၍ အစိုးရက ၎င်းတို့တောင်းဆိုထားသော အခြားအချက်များကို သဘောတူလိုက်လျောပေးခြင်း မရှိပါက ဆန္ဒပြပွဲများပြန်လည်စတင်သွားရန် ဆုံးဖြတ်ထားဟန်ရှိသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံတွင် လတ်တလောဖြစ်ပေါ်လျက်ရှိသော တောင်သူလယ်သမားက ဆန္ဒပြပွဲများ ခေတ္တရပ်နားထားသည့်အခြေအနေနှင့် ၎င်းတို့နှင့် အိန္ဒိယအစိုးရအကြား သဘောတူညီမှုရရှိရေး စေ့စပ်ညှိနှိုင်းလျက်ရှိသည့်အပေါ် သိရှိနိုင်ရေး တင်ပြလိုက်ရသည်။

ရည်ညွှန်းချက်။ (၁) The Hindu Businessline သတင်းဌာန၊ "Centre proposes 5-year guaranteed procurement at MSP for 5 crops – cotton, maize, tur, urad and masur"၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်။

(၂) Bloomberg သတင်းဌာန၊ “Indian Farmers Pause Protests to Review Government Crop Deal”၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်။, (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)–26022024–11:29

## ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ ပဲပုပ်ဆီအား ပုံသေဈေးနှုန်းသတ်မှတ်၍ ရောင်းချမည်

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၁ ရက်နေ့တွင် အသက်ဝင်မည့် ဘူးသွင်းစားသုံးဆီ ဈေးနှုန်းကို တစ်လီတာလျှင် ၁၀ တာကာလျှော့ချကာ ၁၆၃ တာကာဖြင့် ပုံသေဈေးနှုန်း သတ်မှတ်ချက်ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း Daily Bangladesh က ဖော်ပြသည်။ အဆိုပါထုတ်ပြန်ချက်တွင် အလွတ်ရောင်းချသည့် ပဲပုပ်ဆီ ဈေးနှုန်းကို တစ်လီတာလျှင် ၁၄၉ တာကာ နှုန်းဖြင့် သတ်မှတ်ခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် ဝန်ကြီးဌာနများမှ အဆင့်မြင့်အရာရှိများ၊ ကုန်ထုတ်လုပ်ငန်းများနှင့် ဈေးကွက်ဖြန့်ချိရေးလုပ်ငန်းများမှ ကိုယ်စားလှယ်များ အပါအဝင် စီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများမှ ခေါင်းဆောင်များနှင့် အစည်းအဝေးတစ်ရပ်ကျင်းပခဲ့ပြီးနောက် ယင်းဆုံးဖြတ်ချက်ကို ချမှတ်ခဲ့ခြင်းဖြစ်သည်။

အစည်းအဝေးအပြီး သတင်းစာရှင်းလင်းပွဲပြုလုပ်ရာ၌ ကူးသန်းရောင်းဝယ်ရေး ဒုတိယဝန်ကြီး Mr. Ahsanul Islam Titu က လက်ရှိဒေါ်လာဈေးနှုန်းအခြေအနေအရ သယ်ယူပို့ဆောင်စရိတ်များ မြင့်တက်မှုရှိပြီး ဆက်စပ်ပစ္စည်းများ၏ ကုန်ကျစရိတ်များ ပြောင်းလဲမှုမရှိသော်လည်း စားသုံးဆီအပေါ် အခွန်လျှော့ချ သတ်မှတ်မှုနှင့် အစိုးရ၏တောင်းဆိုမှုတို့အရ ရာမဒန်ဥပုသ်အခါသမယတွင် ပဲပုပ်ဆီဈေးနှုန်းအား တစ်လီတာလျှင် ၁၀ တာကာနှုန်းဖြင့် လျှော့ချသတ်မှတ်ရန် စားသုံးဆီထုတ်လုပ်ဖြန့်ချိသည့် ကုမ္ပဏီများက သဘောတူညီခဲ့ကြကြောင်း၊ လက်ရှိ ဘူးသွင်း ပဲပုပ်ဆီဈေးမှာ တစ်လီတာလျှင် ၁၇၃ တာကာဖြစ်သော်လည်း မတ်လ ၁ ရက်မှစ၍ တစ်လီတာလျှင် ၁၆၃ တာကာဖြင့် ရောင်းချမည်ဖြစ်ကြောင်း၊ အလားတူ ဘူးသွင်းမှုမပြုဘဲ အလွတ်ရောင်းချသည့် ပဲပုပ်ဆီဈေးနှုန်းကို တစ်လီတာလျှင် တာကာငွေ ၁၄၉ နှုန်းဖြင့်သတ်မှတ်ထားကြောင်း၊ ယခုကဲ့သို့ ပုံသေဈေးနှုန်းဖြင့် ရောင်းချစေခြင်းကို ကာလမည်မျှကြာသည်အထိ သတ်မှတ်မည်ဆိုသည်မှာ ပြည်တွင်းနှင့် နိုင်ငံတကာ ဈေးကွက်အခြေအနေများကို ပြန်လည်သုံးသပ်ရရှိသည့်ရလဒ်များအပေါ် မူတည်လျက်ရှိကြောင်း၊ သို့သော် ဈေးနှုန်းကို လစဉ်ပြင်ဆင်သတ်မှတ်မည်ဖြစ်ကြောင်းဖြင့် သတင်းထောက်များအား အသိပေးပြောကြားခဲ့သည်။

စားအုန်းဆီအတွက် အလားတူ ပုံသေဈေးနှုန်း သတ်မှတ်ခြင်းမပြုသည့် အကြောင်းအရင်းကို မေးမြန်းရာတွင် လက်ရှိကမ္ဘာ့ဈေးကွက်၌ စားအုန်းဆီဈေးနှုန်းသည် မြင့်တက်နေကြောင်း၊ ပြည်တွင်း၌ စားအုန်းဆီသည် ပဲပုပ်ဆီထက် ဈေးနှုန်းပိုမိုကြီးမြင့်ကြောင်း၊ ယင်းအခြေအနေတွင် အစိုးရက စားအုန်းဆီဈေးနှုန်းကို ပြင်ဆင်သတ်မှတ်ရန်မှာ အကျိုးအကြောင်း ဆီလျော်မှုရှိနိုင်မည်မဟုတ်ကြောင်း Mr. Titu က ဖြေကြားခဲ့သည်။

Source: Daily Bangladesh, 20 February 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26022024_1237

## ထိုင်းမူပိုင်ခွင့်ဌာနက နန်ပြည်နယ်ထွက် ကော်ဖီအား GI မှတ်ပုံတင်ရန် ဆောင်ရွက်

ထိုင်းနိုင်ငံ၌ ပြည်တွင်းထုတ်ကုန်များ၏ ဈေးကွက်အတွင်း တန်ဖိုးတိုးမြင့်လာစေရန်နှင့် ထိုင်းလူငယ် လူရွယ်များအား ၎င်းတို့၏လူမှုအသိုင်းအဝိုင်းတွင် ရေရှည်ရပ်တည်ရှင်သန်နေထိုင်နိုင်ရန်တို့အတွက် ထိုင်းနိုင်ငံ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ပထဝီဒေသဆိုင်ရာ အညွှန်းကိန်း (GI) ထုတ်ကုန်ကဏ္ဍကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း Bangkok Post သတင်းဌာနက ဖော်ပြသည်။

ထိုင်းနိုင်ငံမြောက်ပိုင်း၊ နန်ပြည်နယ်ရှိ ပရီမီယံကော်ဖီစိုက်ပျိုးသည့်ဒေသများသို့ ခရီးသွားရောက်စဉ်၌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Mr. Phumtham Wechayachai က ယင်းကြေညာချက်ကို ထုတ်ပြန်ပြောကြားခဲ့ခြင်းဖြစ်သည်။ ဒေသထွက်ကုန်များအတွက် GI မှတ်ပုံတင်ရရှိရေးသည် ဒေသအလိုက်ထွက်ရှိသော ထူးခြားသည့်ထုတ်ကုန်များကို မြှင့်တင်ပေးခြင်းဖြင့် ထိုဒေသ၌နေထိုင်သူများ၏ လူနေမှုဘဝဖွံ့ဖြိုး တိုးတက်စေရေးအတွက် ချမှတ်ထားသော အဓိက မူဝါဒတစ်ခု၏ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ၎င်းက ပြောဆိုခဲ့ သည်။ Mae Charim ခရိုင် Doi Mae Charim ဒေသနှင့် Tha Wang Pha ခရိုင် Doi Suan Ya Luang ဒေသတို့တွင် ကော်ဖီစိုက်ပျိုးထားရှိမှု ဧရိယာများကို စစ်ဆေးမှုများဆောင်ရွက်ခြင်းမှာ ဒေသအလိုက် ထုတ်ကုန်များကို မြှင့်တင်ရာတွင် GI မှတ်ပုံတင်လျှောက်ထားမှုအတွက် ကြိုတင်ပြင်ဆင်မှုလုပ်ဆောင်နိုင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။

ဝန်ကြီး Mr. Phumtham သည် ၎င်း၏ စစ်ဆေးရေးခရီးစဉ်အတွင်း ကော်ဖီစိုက်ပျိုးသူများ၊ ကော်ဖီဆိုင်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့သည့်အပြင် နန်ကော်ဖီ၏ အလားအလာရှိမှု ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ကော်ဖီထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်လျက် အဆင့်မြှင့်တင်နိုင်ရေးအတွက် ဒေသခံ လူငယ်လုပ်ငန်းရှင် ကုန်သည်စက်မှုအသင်းနှင့် MOC Biz Club တို့မှ ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံ ဆွေးနွေးခဲ့သည်။

ထို့သို့တွေ့ဆုံရာတွင် ထုတ်ကုန်များသည် အရည်အသွေးကောင်းမွန်ရမည်ဖြစ်ကြောင်း၊ GI မှတ်ပုံတင်ရရှိမှုသည် ထုတ်ကုန်များ၏ ဈေးကွက်တန်ဖိုးကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ဝင်ငွေရရှိပါက ဒေသခံလူငယ်များအနေဖြင့် အခြားဒေသသို့ ပြောင်းရွှေ့နေထိုင်လိုမှုမရှိဘဲ ၎င်းတို့၏ မိသားစုအသိုင်းအဝိုင်းတွင် ရှင်သန်ရပ်တည်စေနိုင်မည်ဖြစ်ကြောင်း၊ ထိုင်းမူပိုင်ခွင့်ဦးစီးဌာနသည် လက်ရှိတွင် ဇီဝမျိုးစုံမျိုးကွဲအခြေခံ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးရုံးနှင့် ပူးပေါင်းဆောင်ရွက်နေပြီး ဒေသထွက်ကော်ဖီထုတ်ကုန်များ ပိုမိုတန်ဖိုးရှိစေမည့် GI မှတ်ပုံတင်ခြင်းဆိုင်ရာ လျှောက်လွှာကို ရေးသားပြုစုဆောင်ရွက်ထားကြောင်းဖြင့် Mr. Phumtham က ပြောကြားခဲ့သည်။

GI မှတ်ပုံတင်သည် တိကျသောအရည်အသွေး၊ ဂုဏ်သတင်း သို့မဟုတ် အခြားထူးခြားသော ဝိသေသလက္ခဏာများရှိသည့်နိုင်ငံ၊ ဒေသ သို့မဟုတ် ဒေသတစ်ခုမှ ဆင်းသက်လာသော ထုတ်ကုန်တစ်ခုအား ခွဲခြားသတ်မှတ်ရန် အသုံးပြုသည့် ထူးခြားသောအသိအမှတ်ပြု လက်မှတ်တစ်ခုဖြစ်ကြောင်း၊ ၎င်းလက်မှတ် ရရှိထားခြင်းဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၌ ရောင်းချသောအခါတွင် ထုတ်ကုန်များအတွက် ဈေးကွက်တန်ဖိုးကို တိုးမြှင့်စေပြီး ၎င်းတို့၏ အရည်အသွေးအပေါ် စားသုံးသူများ၏ ယုံကြည်စိတ်ချမှု တည်ဆောက်ခြင်းဖြင့် ဒေသထွက် ထုတ်ကုန်များ၏ အမှတ်တံဆိပ်ကို ကာကွယ်ပေးထားကြောင်း၊ ကော်ဖီသည် မြောက်ပိုင်းပြည်နယ်၌ လူကြိုက် များသော သီးနှံဖြစ်ပြီး ယခုအခါတွင် နန်ကော်ဖီမျိုးကွဲများဖြစ်သည့် Doi Suan Ya Luang၊ Mae Charim၊ Manipruek နှင့် Sakiang ကော်ဖီတို့သည် ဝယ်လိုအားမြင့်မားလျက်ရှိကြောင်း သိရသည်။

Source: Bangkok Post, 17 Feb 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26022024_1241

## အိန္ဒိယသည် နိုင်ငံအချို့သို့ ကြက်သွန်နီတင်ပို့မှုအား ခွင့်ပြု

အိန္ဒိယနိုင်ငံသည်ပြည်ပရေးရာဝန်ကြီးဌာန၏ထောက်ခံချက်ဖြင့် နိုင်ငံအချို့သို့ အစိုးရအချင်းချင်းဆက်သွယ်ဆောင်ရွက်မှုကိုအခြေခံပြီး ကြက်သွန်နီတင်ပို့မှုကိုခွင့်ပြုခဲ့ကြောင်း၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မောရစ်ရှပ်၊ ဘာရိန်း၊ ဘူတန်နှင့် နီပေါတို့အပါအဝင် နိုင်ငံအချို့သို့ ကြက်သွန်နီများကို အစိုးရက အကန့်အသတ်ဖြင့် တင်ပို့ခွင့်ပြုထားကြောင်း၊ ကြက်သွန်နီတင်ပို့မှုကို နှစ်နိုင်ငံဆက်ဆံရေးအတွက် ခွင့်ပြုခြင်းဖြစ်သော်လည်း ကြက်သွန်နီတင်ပို့မှုအလုံးစုံတားမြစ်ချက်ကို ရုပ်သိမ်းရန်ဆုံးဖြတ်ချက် မချရသေးကြောင်း အမည်မဖော်လိုသူပုဂ္ဂိုလ်တစ်ဦးက ပြောကြားထားကြောင်းသိရသည်။

ကမ္ဘာ့ဒုတိယအကြီးဆုံးကြက်သွန်တင်ပို့သည့်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံသည် ပြည်တွင်းဈေးနှုန်း မြင့်တက်မှုနှင့် ရှားပါးမှုတို့ကြောင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လအထိ မီးဖိုချောင်သုံး မရှိမဖြစ်ဖြစ်သည့် ကြက်သွန်နီတင်ပို့မှုကို တားမြစ်ခဲ့ပြီး ယင်းကြောင့် အိမ်နီးချင်းနိုင်ငံများတွင် ကြက်သွန်နီဈေးနှုန်း မြင့်တက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အိန္ဒိယနိုင်ငံတွင် ကြက်သွန်နီဈေးနှုန်းများသည် ၂၀၂၃ ခုနှစ် ဩဂုတ်လတွင် မြင့်တက်လာခြင်းကြောင့် ဘဏ္ဍာရေးဝန်ကြီးဌာနသည် တင်ပို့မှုလျှော့ချနိုင်ရန်အတွက် ပို့ကုန်အခွန် ၄၀ ရာခိုင်နှုန်းထိ တိုးမြှင့်ကောက်ခံခဲ့သည်။ သို့ရာတွင် ကုန်သည်များက အရောင်းအဝယ်သဘောတူညီချက်အမှာစာများတွင် တန်ဖိုးလျှော့ဖော်ပြမှုများကြောင့် အကျိုးသက်ရောက်မှုမရရှိခဲ့သဖြင့် အစိုးရက ကြက်သွန်နီတစ်တန်လျှင် အနည်းဆုံး ပို့ကုန်ဈေးနှုန်း ကန်ဒေါ်လာ ၈၀၀ ကို အောက်တိုဘာလ ၂၈ ရက်နေ့မှစတင်သတ်မှတ်ခဲ့သည်ကို တွေ့ရှိရသည်။

ထို့ပြင် မဟာရက်ရှ်ထရာပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မိုးသီးမုန်တိုင်းများတိုက်ခတ်မှုကြောင့် ကြက်သွန်ထွက်ရှိမှုအမြင့်ဆုံးရာသီဖြစ်သည့် နိုဝင်ဘာလတွင် ကျဆင်းခဲ့ပြီး ဈေးနှုန်းများမြင့်တက်ခဲ့မှုကြောင့် ပြည်ပသို့တင်ပို့ရောင်းချမှုကို အစိုးရက ဒီဇင်ဘာ ၈ ရက်နေ့တွင် တားမြစ်မှုအား ချမှတ်ဆောင်ရွက်ခဲ့သည်။ ယင်းကြောင့် ကြက်သွန်နီဈေးသည် အိန္ဒိယ၏ ကြက်သွန်အဓိကစိုက်ပျိုးသည့်ဒေသဖြစ်သည့် နာရှိခ်လက်ကား ဈေးတွင် တစ်ကီလိုလျှင် ၄၀ ရူပီးကျော်ရှိရာမှ ၁၃ ရူပီးခန့်အထိ ကျဆင်းသွားသောကြောင့် တင်ပို့မှုတားမြစ်ချက်ကို ရုပ်သိမ်းပေးရန် ကြက်သွန်စိုက်ပျိုးသူများက နှစ်လကြာ ဆန္ဒပြတောင်းဆိုခဲ့ကြကြောင်း သိရှိရသည်။

ကြက်သွန်နီဈေးနှုန်းများမြင့်တက်ပေးခြင်းသည် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်မှုကိုဖြစ်ပေါ်စေနိုင်ပြီး လအနည်းငယ်အတွင်းပြုလုပ်ရန်ရှိသည့် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲများတွင် အစိုးရအတွက် စိုးရိမ်စရာဖြစ်လာနိုင်ကြောင်း၊ ဖေဖော်ဝါရီလအစောပိုင်းတွင် ဗဟိုအစိုးရ၏ အရာရှိအဖွဲ့တစ်ဖွဲ့သည် မဟာရက်ရှ်ထရာပြည်နယ်ရှိ ကြက်သွန်စိုက်ပျိုးသည့်ဒေသများသို့

သွားရောက်ခဲ့ကြောင်းနှင့် အဆိုပါအဖွဲ့သည် ပို့ကုန်ပိတ်ပင်မှုနှင့်ပတ်သက်၍ အစိုးရထံ အကြံပြုချက်ပေးနိုင်ရန် မျှော်လင့်လျက်ရှိကြောင်း သိရှိရသည်။

တစ်ချိန်တည်းတွင် ပို့ကုန်လုပ်ငန်းရှင်ကြီးအချို့က အစိုးရထံပေးပို့သောစာတွင် ကြက်သွန်နီတင်ပို့မှုကို လုံးဝတားမြစ်မည့်အစား အစိုးရက ပြည်ပသို့တင်ပို့ခွင့်ကို ကန့်သတ်ခွင့်ပြုသင့်ကြောင်း၊ ပြည်ပသို့တင်ပို့မှုရှိမှသာ ပြည်တွင်းဈေးကွက်တွင် ဈေးနှုန်းသိသိသာသာမြင့်တက်လာမည်ဖြစ်ကြောင်း အကြံပြုထားသည်ကို တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ အိန္ဒိယနိုင်ငံအနေဖြင့် ကြက်သွန်နီအား ပြည်ပနိုင်ငံအချို့သို့ အစိုးရချင်းညှိနှိုင်းတင်ပို့ ခွင့်ပြုနေမှု အခြေအနေအား သိရှိနိုင်ရန်နှင့် ပြည်တွင်းစားသုံးသူများအတွက် ကြက်သွန်နီဈေးနှုန်းကြီးမြင့်မှုအား ထိန်းချုပ်နိုင်ရန် အစိုးရက မူဝါဒများချမှတ်ဆောင်ရွက်ခဲ့ရာတွင် ဈေးနှုန်းများကျဆင်းသွားသော်လည်း တစ်ဖက်တွင် စိုက်ပျိုးသူတောင်သူများအပေါ်တွင် တန်ပြန်သက်ရောက်မှုများရှိခဲ့သဖြင့် အစိုးရအနေဖြင့် အခက်အခဲများ ရင်ဆိုင်နေရသည်ကိုတွေ့ရှိရသောကြောင့် မူဝါဒများချမှတ်ရာတွင် တန်ပြန်သက်ရောက်နိုင်မှုအခြေအနေများကိုပါ ထည့်သွင်းစဉ်းစားရန်အရေးကြီးမှု အခြေအနေအား သိရှိနိုင်ရေး တင်ပြလိုက်ရသည်။

Source: India allows export of onions to select nations, The Economic Times, 19 Februar, 2024.

(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Yangon)–26022024–11:49

## အိန္ဒိယနိုင်ငံ၏ဆောင်းကြက်သွန်နီ အထွက်ကျဆင်းဖွယ်ရှိကြောင်း ကုန်သည်များပြောကြား

အိန္ဒိယနိုင်ငံ၌ နောင်လာမည့်မိုးကြက်သွန်နီ ရိတ်သိမ်းထွက်ပေါ်ချိန်အထိ ကြက်သွန်နီအရောင်း ပြတ်လပ်မှုကို တွေ့ကြုံနိုင်ဖွယ်ရှိကြောင်း ကုန်သည်အသိုင်းအဝိုင်းက ပြောဆိုလျက်ရှိသည်။ ဆောင်းကြက်သွန်နီ ရိတ်သိမ်းရရှိမှုမှာ ၃၀ ရာခိုင်နှုန်း ကျဆင်းခဲ့သဖြင့် ရာမဒါန်ဥပုသ်ကာလဖြစ်သော မတ်လအစောပိုင်းတွင် ကြက်သွန်နီဈေးနှုန်းများ မြင့်တက်မှုကို ကြုံတွေ့ရဖွယ်ရှိသည်။ ၂၀၂၃ ခုနှစ်အတွင်း မဟာရာရှ္ထ၊ ကာနာတာကာနှင့် အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ အခြားပြည်နယ်များစွာတွင် မုတ်သုံမိုးရွာသွန်းမှု ပုံပျက်ယွင်းပြီး မိုးရေချိန်ရရှိမှု လျော့နည်းခဲ့ရာ အဓိကသီးနှံများဖြစ်သည့် ပဲမျိုးစုံ၊ ကြံနှင့် ကြက်သွန်နီ စိုက်ပျိုးထုတ်လုပ်မှုအပေါ် ထိခိုက်မှုရှိခဲ့သည်။

ကြက်သွန်နီတင်ပို့သည့် ကုန်သည်များက ဗဟိုအစိုးရထံတင်ပြသော စာတစ်စောင်တွင် ပို့ကုန်ပမာဏကို သင့်လျော်သောနည်းလမ်းဖြင့် ထိန်းချုပ်မှုမရှိဘဲ ကြက်သွန်နီတင်ပို့မှုကိုခွင့်ပြုပါက ရင်ဆိုင်လာရမည့် အကျိုးဆက် များစွာရှိကြောင်း သတိပေးဖော်ပြထားသည်။ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်နေ့၌ အစိုးရအရာရှိများနှင့် တွေ့ဆုံရာတွင် ကြက်သွန်နီတန်ချိန် ၃၀၀,၀၀၀ တင်ပို့ခွင့်ပြုခြင်းက မဟာရာရှ္ထပြည်နယ်၊ နာရှစ်ခရိုင်ရှိ ဈေးကွက်များ၌ တစ်ကီလိုဂရမ်လျှင် ရူပီး ၃၅-၄၀ နှုန်းသို့လည်းကောင်း၊ အခြားလက်လီဈေးကွက်များတွင် တစ်ကီလိုဂရမ်လျှင် ရူပီး ၅၀-၆၀ နှုန်းအထိလည်းကောင်း မြင့်တက်စေမည်ဟု ပို့ကုန်လုပ်ငန်းရှင်များက ပြောကြားခဲ့ကြသည်။

ရာမဒါန်ပွဲတော်ကြောင့် ဝယ်လိုအားတိုးတက်သည့်အပြင် ဈေးကွက်သို့ မိုးကြက်သွန်နီများ ဝင်ရောက်မှု လျော့နည်းခဲ့ပြီး ဆောင်းသီးနှံရာသီမှ ကြက်သွန်နီအသစ် ထွက်ပေါ်မည့်အချိန်နှင့် ကွာဟလျက်ရှိခြင်းကြောင့် မတ်လအစပိုင်း၌ ကြက်သွန်နီဝယ်လိုအားနှင့် ဈေးနှုန်းများမြင့်တက်မည်ဟု ခန့်မှန်းရကြောင်း၊ မဟာရာရှ္ထနှင့် မဒ္ဒရာပရာဒေ့ရှ် ပြည်နယ်များ၌ ဆောင်းကြက်သွန်နီ စိုက်ပျိုးမှုလျော့ကျခဲ့ကြောင်း၊ မိုးကြက်သွန်နီမှာ ရှေ့လာမည့် ၁၅ ရက်အတွင်း ဈေးကွက်ဝင်ရောက်မှု ကျဆင်းလျက် လက်ကျန်ကုန်ဆုံးတော့မည့် အခြေအနေရှိကြောင်း၊ သီးနှံအသစ်မှာ မတ်လလယ် နောက်ပိုင်းခန့်မှသာ ဝင်ရောက်ဖွယ်ရှိပြီး ပိုလျှံမှုမရှိဘဲ ယခင်နှစ် ထုတ်လုပ်နိုင်မှု အောက် လျော့နည်းနိုင်ကြောင်းဖြင့် ကြက်သွန်နီတင်ပို့သူများက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းဈေးနှုန်းမြင့်တက်မှုနှင့် ကုန်ပြတ်လပ်နိုင်မည့် အလားအလာတို့ကို ထိန်းချုပ်နိုင်ရန် ကြက်သွန်နီတင်ပို့မှုကို ၂၀၂၃ ခုနှစ်ဒီဇင်ဘာလမှ ၂၀၂၄ ခုနှစ် မတ်လအထိ ပိတ်ပင်ခဲ့သည်။ ထိုသို့ ပိတ်ပင်မှုကြောင့် ကြက်သွန်နီဈေးနှုန်းများ ကျဆင်းခဲ့ရာ အဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသဖြစ်သည့် မဟာရာရှ္ထ ပြည်နယ်တွင် လယ်သမားများက ဆန္ဒပြဖော်ထုတ်ခဲ့ကြသည်။

တင်ပို့မှုပိတ်ပင်ခဲ့သော်လည်း အချို့သောပို့ကုန် လုပ်ငန်းရှင်များသည် ကြက်သွန်နီကို ခရမ်းချဉ်သီး သို့မဟုတ် စပျစ်သီးအဖြစ် ကြေညာ၍ တင်ပို့ခဲ့ကြကြောင်း၊ ထိုသို့ ကုန်အမျိုးအမည် ပြောင်းလွဲဖော်ပြ၍ တင်ပို့ခြင်း များကို အကောက်ခွန်ဌာနက စစ်ဆေးဖော်ထုတ်ခဲ့ကြောင်း၊ အစိုးရ အဖွဲ့ဝင်ဝန်ကြီးအချို့နှင့် အရာရှိကြီးများသည် ၁၈-၂-၂၀၂၄ နေ့တွင် ကြက်သွန်နီတင်ပို့မှု အခြေအနေကို ပြန်လည်သုံးသပ်လျက် တန်ချိန် ၃ သိန်းကို တင်ပို့ခွင့်ပြုရန် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အစိုးရအနေဖြင့် ကြက်သွန်နီများကို တင်ပို့ခွင့်ပြုရာတွင် ထိန်းကျောင်းမည့် အဖွဲ့အစည်းတစ်ခုကို တာဝန်ပေးအပ်ပြီး ချိန်ညှိဆောင်ရွက်ခြင်း၊ ပို့ကုန်ခွန်ကောက်ခံခြင်း၊ ဝယ်ယူသူများထံမှကုန်ဖိုးငွေကြိုတင်ပေးချေမှုကိုမဖြစ်မနေလုပ်ဆောင်စေခြင်း

နှင့် ပမာဏအလွန်နည်းပါးသည့် တန်ချိန် ၂၅၀-၃၀၀ ခန့်ကို တင်ပို့မှုဖြစ်ပါက ကန့်ကွက်မှုမရှိကြောင်း အသိအမှတ်ပြုလက်မှတ် ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်ရန် ကုန်သည်များကအကြံပြုထားသည်။

ကမ္ဘာ့စျေးကွက်တွင် ကြက်သွန်နီပြတ်လပ်မှု ကြီးမားစွာဖြစ်ပေါ်နေပြီး အိန္ဒိယ တစ်နိုင်ငံတည်းထံမှသာ ကြက်သွန်နီများကို ဝယ်ယူရရှိနိုင်ကြောင်း၊ ကြက်သွန်နီ၏ နိုင်ငံတကာစျေးနှုန်းများမှာ တစ်တန်လျှင် အမေရိကန်ဒေါ်လာ ၁၀၀၀ မှ ၁၄၀၀ အတွင်းဖြစ်ပေါ်နေချိန်၌ အိန္ဒိယစျေးကွက်တွင် တစ်တန်လျှင် ဒေါ်လာ ၃၅၀ ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း ကြက်သွန်နီတင်ပို့သူများက ပြောကြားခဲ့ကြသည်။

Source: Economic Times, 19 February 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ စျေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_26022024_1245

## ပို့ကုန်တိုးမြှင့်နိုင်ရေးအရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက ကတိပြုပြောကြားခဲ့

ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၏ တရုတ်နိုင်ငံ၊ ဟိုနန်ပြည်နယ်သို့ သွားရောက်သည့် ခရီးစဉ်တွင် တရုတ်အဆင့်မြင့်အရာရှိများနှင့် တွေ့ဆုံခြင်းနှင့် အာရပ်စော်ဘွားများပြည်ထောင်စုနှင့် လွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံ၏ ပို့ကုန်တိုးမြှင့်နိုင်ရေး အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စု ဝန်ကြီးက ကတိပြုပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်က ထိုင်းနိုင်ငံ၏ ပို့ကုန်သည် အမေရိကန်ဒေါ်လာ ၂၈၅ ဘီလီယံသို့ ကျဆင်းခဲ့ပြီး ယခုနှစ် ပထမ ၃ လပတ်အတွင်း ပို့ကုန်တိုးတက်မှုနှုန်းကို ၁ ဒသမ ၉၉ ရာခိုင်နှုန်းသို့ ရောက်ရှိရန် မျှော်လင့်ထားကြောင်း၊ ဟိုနန်ပြည်နယ်ခရီးစဉ်သည် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ဖြစ်ကြောင်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီတွင် ကျင်းပပြုလုပ်မည့် ၁၃ ကြိမ်မြောက် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝန်ကြီးများအဆင့် ညီလာခံသို့ ပါဝင်တက်ရောက်ပြီးနောက် ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရန် FTA အပေါ် UAE နှင့် ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ စိုက်ပျိုးရေးထုတ်ကုန်များ၊ မော်တော်ယာဉ်များ၊ လျှပ်စစ်ပစ္စည်းများ၊ ကျောက်မျက်နှင့် လက်ဝတ်ရတနာများ အတွက် ပို့ကုန်စျေးကွက်သစ် ဖန်တီးရန် ရည်ရွယ်ပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံနှင့် UAE နိုင်ငံတို့အကြား FTA တည်ထောင်ခြင်းဖြင့် စျေးကွက်ရရှိမှု၊ လွယ်ကူချောမွေ့မှု၊ ကုန်သွယ်ရေးဆိုင်ရာ အတားအဆီးများ ဖြေလျှော့ပေးမှုတို့ကြောင့် နှစ်နိုင်ငံ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးတက်လာနိုင်ပြီး ထိုင်းပို့ကုန်ကို အမေရိကန်ဒေါ်လာ ၁၉၀ သန်းမှ ၂၄၃ သန်းအကြား တိုးတက်နိုင်ကြောင်း၊ အစားအသောက်၊ အဝတ်အထည်၊ သစ်၊ ရော်ဘာ၊ ပလတ်စတစ်၊ လျှပ်စစ်၊ မော်တော်ကား စသည့် ကဏ္ဍများအပြင် ပို့ဆောင်ရေး၊ ဘဏ္ဍာရေးစသည့် ဝန်ဆောင်မှုကဏ္ဍများလည်း အကျိုးရှိစေနိုင်ကြောင်း လေ့လာထားချက်တွင် ဖော်ပြထားသည်။

UAE သည် ထိုင်းနိုင်ငံ၏ ကမ္ဘာ့အဆင့် ၆ ရှိသော ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံကြီးဖြစ်ပြီး အရှေ့ အလယ်ပိုင်းတွင် အဆင့် ၁ ဖြစ်ပါကြောင်း၊ ၂၀၂၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုသည် အမေရိကန်ဒေါ်လာ ၁၉ ဒသမ ၅ ဘီလီယံဖြစ်ကြောင်း သိရှိရသည်။

ထိုင်းနိုင်ငံသည် နိုင်ငံ၏ စီးပွားရေးတိုးတက်ရာတွင် အရေးပါသည့် ကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးအတွက် အလားအလာရှိသော ကမ္ဘာ့ဒေသအသီးသီး ဝင်ပေါက်နိုင်ငံများနှင့် FTA ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်ရပါသည်။ Source: www.bangkokpost.gov၊ , (စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_290220240924

## လာအိုနိုင်ငံနှင့် တရုတ်နိုင်ငံ ယူနန်ပြည်နယ်တို့အကြား အမြန်လမ်းမအပါအဝင် အလားအလာရှိသောကဏ္ဍများ၌ ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများချဲ့ထွင်ရန် ကြိုးပမ်း

လာအိုစက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Malaythong Kommasith ၏ ဖိတ်ကြားချက်အရ ရောက်ရှိနေသည့် ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Wang Hao က လာအိုမြို့တော်ဗီယင်ကျန်းနှင့် တရုတ်နယ်စပ်ကိုဆက်သွယ်သည့် အမြန်လမ်းအပါအဝင် ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများကို ဆက်လက် ကူညီပံ့ပိုးပေးပါရန် လာအိုနိုင်ငံခေါင်းဆောင်များ နှင့်သက်ဆိုင်ရာကဏ္ဍများကို တိုက်တွန်းခဲ့သည်။

Mr Wang က ၂၀၂၀ ပြည့်နှစ် နှစ်ကုန်တွင် ပထမအဆင့်အနေဖြင့် ဖွင့်လှစ်ခဲ့သည့် ဗန်ဗီယန်နှင့် ဗီယန်ကျန်းကို ဆက်သွယ်ပေးသည့် အမြန်လမ်းကို ဒုတိယအဆင့်တွင် ဗန်ဗီယန်မှ မြောက်ဘက် တရုတ်နယ်စပ်အထိ ဆက်လက်တိုးချဲ့နေကြောင်း ပြောကြားခဲ့သည်ဟု ဗီယန်ကျန်းမိုင်သတင်းတွင် ဖော်ပြထားသည်။

လာအိုဝန်ကြီး Mr. Malaythong က လာအိုနိုင်ငံ၏ E-commerce ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲမှုဆိုင်ရာ မဟာဗျူဟာ စီမံချက်ရေးဆွဲရာတွင် ကူညီဆောင်ရွက်ပေးရန်၊ လှည့်လည်စီးဆင်းမှုစီးပွားရေး (Circular Economy) ဖွံ့ဖြိုးတိုးတက်ရေး နည်းပညာအကူအညီပေးရန်၊ လာအို-ယူနန် နယ်စပ်ကုန်သွယ်မှုဖွံ့ဖြိုး တိုးတက်ရေး Master Plan ရေးဆွဲရာတွင် ကူညီပေးရန်၊ နယ်စပ်ကုန်သွယ်မှုမြှင့်တင်ရေး၊ ပို့ကုန်သွင်းကုန်နှင့် ဝင်ငွေကိစ္စများ၊ ပေါင်းစပ်ညှိနှိုင်းရေးကိစ္စရပ်များအတွက် လာအိုနိုင်ငံမှ တာဝန်ရှိသူများ ယူနန်သို့ လာရောက်လေ့လာနိုင်ရေးကူညီပေးရန်၊ လာအိုနိုင်ငံရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများအား တရုတ်ဈေးကွက် ဝင်ရောက်နိုင်ရေး ကူညီပေးရန်၊ E-commerce ပလက်ဖောင်းများ၊ သယ်ယူဖြန့်ဖြူး ပို့ဆောင်ရေးစနစ်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစည်းမျဉ်းများနှင့် ဥပဒေများ ဖလှယ်ရေး စသည့်ကိစ္စရပ်များကို ပြောကြားခဲ့သည်။

၂၀၂၂ ခုနှစ်တွင် လာအို-ယူနန် နှစ်နိုင်ငံကုန်သွယ်မှုသည် ၂၀၂၁ ခုနှစ်ထက် ၃၃ ဒသမ ၇ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၄ ဘီလီယံရရှိခဲ့ကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုနှင့် ခရီးသွားလုပ်ငန်းကို သိသိသာသာ အားကောင်းလာစေခဲ့သည့် လာအို-တရုတ် မီးရထားလမ်း၏ အရေးပါမှုကို ချီးကျူးခဲ့ကြကြောင်း၊ လက်ရှိအချိန်အထိ ယူနန်ပြည်နယ်မှ ကုမ္ပဏီ ၂၉၇ ခုသည် ရင်းနှီးမြှုပ်နှံမှု တန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၂၄ ဘီလီယံဖြင့် လာအိုနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားကြောင်း ဖော်ပြ ထားသည်။

နှစ်နိုင်ငံအကြား အောင်မြင်ခဲ့သည့် အကြီးစားစီမံကိန်းများတွင် Boten-Mohan နယ်စပ်စီးပွားရေးဇုန်၊ ဗီယန်ကျန်း-ဗန်ဗီယန် အမြန်လမ်းနှင့် ဗီယန်ကျန်း-Saysettha ဖွံ့ဖြိုးရေးဇုန်တို့ပါဝင်ကြောင်း၊ တရုတ်နိုင်ငံသည် လာအိုနိုင်ငံအတွက် ပို့ကုန်အခွင့်အရေးများ၊ ကိုတာများ၊ လူ့စွမ်းအားရင်းမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြား အကူအညီများပံ့ပိုးကူညီခဲ့ကြောင်း Mr. Malaythong ကဆိုသည်။

ယူနန်ပြည်နယ် ဒုတိယအုပ်ချုပ်ရေးမှူး Mr Wang က လာမည့်နှစ်များအတွင်း လာအိုနိုင်ငံနှင့် ယူနန်ပြည်နယ်အကြား ကုန်သွယ်မှုမြှင့်တင်ရန်၊ တရုတ်နိုင်ငံသို့ ကွဲ့ွားတင်ပို့မှုအပါအဝင် Boten-Mohan နယ်စပ်ဖြတ်ကျော်ကုန်သွယ်မှု အဆင့်မြှင့်တင်ရေးတို့ကို ဆောင်ရွက်သွားရန် အကြံပြုခဲ့သည်။

Source : [www.nationthailand.com](http://www.nationthailand.com), Source: https://commerce.gov.mm

Source:[https://myantrade.gov.mm/article/naypyitaw_29012024_935](https://myantrade.gov.mm/article/naypyitaw_29012024_935)

## ACFTA သဘောတူညီချက်က တရုတ်နိုင်ငံသို့ ထိုင်းသကြားပို့ကုန် မြှင့်တက်စေခဲ့

အာဆီယံ-တရုတ်လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက် (ACFTA)က အထူးသဖြင့် သကာရည်၊ ပျားရည်အတုနှင့် သကြားအစားထိုး ဆီးချိုသကြားမျိုးစုံ အပါအဝင် ပြုပြင်ပြီး သကြားထွက်ကုန်များအား ထိုင်းနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မှုကို မြှင့်တက်စေခဲ့ကြောင်း ဘန်ကောက်အခြေစိုက် VNA သတင်းဌာနက ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ ဖော်ပြသည်။

တရုတ်နိုင်ငံသည် ထိုင်းလယ်ယာထွက်ကုန်များ၏ အဓိကပို့ကုန်ဈေးကွက်ဖြစ်ပြီး စုစုပေါင်း ပို့ကုန်၏ ၄၂ ရာခိုင်နှုန်းရှိကြောင်း ထိုင်းနိုင်ငံခြားကုန်သွယ်မှုဌာနမှ ညွှန်ကြားရေးမှူးချုပ် Ronnarong Phoolpipat က ပြောကြားခဲ့သည်။ တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားများသော ထုတ်ကုန်များတွင် အစားအစာများ၊ အဖျော်ယမကာများနှင့် ဆေးဝါးများတွင် အသုံးပြုသည့် သကာရည်များ၊ ပျားရည်အတု၊ မီးသင်းသကြားနှင့် အခြားသကြားအစားထိုး ဆီးချိုသကြားကဲ့သို့သောပြုပြင်ထုတ်လုပ်ထားသည့် သကြားထွက်ကုန်များ ပါဝင်ကြောင်းသိရသည်။

တရုတ်နိုင်ငံသည် ၂၀၂၃ ခုနှစ်တွင် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၈၃ သန်း (ဘတ်ငွေ ၃၁ ဒသမ ၄ ဘီလီယံ) ရှိသော ပြုပြင်ပြီးသကြားထုတ်ကုန်များကိုတင်သွင်းခဲ့ကြောင်း၊ အဆိုပါပမာဏတွင် ထိုင်းနိုင်ငံသည် စုစုပေါင်းတန်ဖိုးအမေရိကန်ဒေါ်လာ ၈၅၄ သန်း၊ တစ်နည်းအားဖြင့် တရုတ်နိုင်ငံ၏ သကြားသွင်းကုန်ရာခိုင်နှုန်း ၈၆ ဒသမ ၉ ရာခိုင်နှုန်းဖြင့် တရုတ်ဈေးကွက်တွင် အရေးပါသော နေရာရယူထားကြောင်း၊ ထိုင်းနိုင်ငံမှ တရုတ် နိုင်ငံသို့ သကြားတင်သွင်းမှုပမာဏမှာ ယခင်နှစ်ကထက် ၁၀၃ ရာခိုင်နှုန်း တိုးတက်လာကြောင်း သိရသည်။

ထိုင်းနိုင်ငံခြား ကုန်သွယ်မှုဦးစီးဌာနက ထုတ်ပေးထားသည့် ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် (Form E) ဖြင့် တင်ပို့သော ပြုပြင်ပြီးသကြားအတွက် သွင်းကုန်အခွန် သုညရာခိုင်နှုန်း အပါအဝင် ACFTA အောက်ရှိ ကုန်သွယ်မှုအကျိုးခံစားခွင့်များသည် ထိုင်းသကြားပို့ကုန် မြှင့်တက်စေမှုတွင် အဓိကအထောက်အပံ့ပေးသော အချက်ဖြစ်ကြောင်း၊ အဆိုပါ ACFTA ၏ ကုန်သွယ်မှု အကျိုးခံစားခွင့်များ မရရှိပါက Most-favoured nation rate ခေါ် နိုင်ငံအများစု တန်းတူညီနှုန်းထားဖြစ်သော ၃၀ ရာခိုင်နှုန်းပေးဆောင်ရမည်ဖြစ်ကြောင်း Ronnarong က ဆက်လက်ပြောကြားခဲ့သည်။

FTA အကျိုးခံစားခွင့်များကို အမိအရဖမ်းဆုပ်နိုင်သော ထိုင်းပို့ကုန်လုပ်ငန်းရှင်များအတွက်ပြုပြင်ပြီး သကြားဈေးကွက်သည် ကမ္ဘာ့ဈေးကွက်၌ ချဲ့ထွင်ရန်အလားအလာကောင်းသော ထုတ်ကုန်ဖြစ်ပါကြောင်း၊ တရုတ်ဈေးကွက်အပြင်

လူဦးရေ သန်း ၆၀၀ ကျော်ရှိသည့် အာဆီယံ စျေးကွက်သည်လည်း ထိုင်းနိုင်ငံ၏ပြုပြင်ပြီး သကြားထုတ်ကုန်အတွက် အလား အလာကောင်းသော စျေးကွက်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ၏ ပြုပြင်ပြီး သကြားထုတ်ကုန်များသည် အထူးသဖြင့် အစားအစာနှင့် အဖျော်ယမကာနယ်ပယ်တွင် ဝယ်လိုအား ကောင်းမွန် ကြောင်း Ronnarong၏ ပြောကြားချက်အရ သိရသည်။

Source: Vietnam Plus, 17 February 2024(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ စျေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm

Source:https://myantrade.gov.mm/article/naypyitaw_26022024_1251

## နယူးဒေလီမြို့တော်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယရဲတပ်ဖွဲ့ တားမြစ်

အိန္ဒိယအစိုးရမှ ကူညီထောက်ပံ့မှုများတိုးမြှင့်ပေးရန် ဖိအားပေးတောင်းဆိုဖို့ နယူးဒေလီမြို့တော်သို့ သွားရာလမ်းမများ ပေါ်သို့ ချီတက်ဆန္ဒပြရန် စုဝေးရောက်ရှိလာသော တောင်သူလယ်သမားများကို အိန္ဒိယ ရဲတပ်ဖွဲ့က တားမြစ်ထားကြောင်း Al Jazeera သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယအစိုးရ ဝန်ကြီးများက တောင်သူလယ်သမားများ၏ တောင်းဆိုမှုများဖြစ်သော လွန်ခဲ့သော ၃ နှစ် အကြာက အစိုးရက ကတိပြုထားသည့် သီးနှံစျေးနှုန်းမြှင့်တင်ပေးရန်ကိစ္စအပေါ် ပြည်ထောင်စုအဆင့် ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေး နွေးရန် လျာထားသတ်မှတ်ထားကြောင်းသိရသည်။ လယ်ယာထွက်ကုန် စျေးကွက်ကိုထိန်းကျောင်းရန် ရည်ရွယ်၍ ပြဋ္ဌာန်း သတ်မှတ်ခဲ့သည့် အစိုးရ၏ ဥပဒေများအပေါ် ပြန်လည် သုံးသပ်ပြင်ဆင်ပေးရန် ဖိအားပေးတောင်းဆိုသော ဆန္ဒပြပွဲများ ပေါ်ပေါက်လာသည့်အတွက် အဆိုပါ ဆွေးနွေးပွဲ ကို ကျင်းပပြုလုပ်ရခြင်းဖြစ်သည်။

ထောင်နှင့်ချီအရေအတွက်ရှိသော တောင်သူလယ်သမားများသည် နိုင်ငံ၏မြို့တော်သို့သွားရာ လမ်းမကြီးများအပေါ်သို့ စုဝေးရောက်ရှိလာကြသည့်အတွက် ၂၀၂၁ ခုနှစ်က ဖြစ်ပွားခဲ့ဖူးသော တောင်သူလယ်သမား ဆန္ဒပြပွဲများကဲ့သို့ နောက်ထပ် ဆန္ဒပြပွဲများ ထပ်မံပေါ်ပေါက်လာမှုမရှိစေရေးအတွက် အဆိုပါ လမ်းမများကို ယင်းကဲ့ သို့ ပိတ်ဆို့ထားခြင်းဖြစ်သည်။

အဆိုပါ တောင်သူလယ်သမားများက ချီတက်ဆန္ဒပြမှုသည် အိန္ဒိယနိုင်ငံ၌ လအနည်းငယ်အတွင်း ကျင်းပပြုလုပ်သွားရန်ရှိ သည့် ပြည်လုံးကျွတ်ရွေးကောက်ပွဲများမတိုင်မီ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အဆိုပါ ရွေးကောက်ပွဲများ၌ ဝန်ကြီးချုပ် နာရန်ဒြာမိုဒီ အစိုးရအနေဖြင့် တတိယအကြိမ်သက်တမ်းအတွက်အနိုင်ရရှိရန် ကျယ်ကျယ်ပြန့်ပြန့် မျှော်လင့်ထားကြောင်း သိရ သည်။ ထောက်ခံမဲရရှိရေးအတွက် အိန္ဒိယနိုင်ငံရှိ သန်းနှင့်ချီသော တောင်သူလယ်သမားများက ကြီးစွာသောလွှမ်းမိုးမှုရှိပြီး၊ အနိုင်ရပါတီအနေဖြင့်လည်း ၎င်းတို့၏ ထောက်ခံ အားပေးမှု ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အိန္ဒိယနိုင်ငံမြောက်ပိုင်းပြည်နယ်များဖြစ်ပြီး ဂျုံအဓိကစိုက်ပျိုးထုတ်လုပ်ရာ ပန်ဂျပ်ပြည်နယ်နှင့် ဟာယနပြည်နယ်တို့မှ လယ်ထွန်စက်များသည် ဒေလီမြို့တော်သို့ ဦးတည်၍ မောင်းနှင်လျက်ရှိသည်ကို ပြည်တွင်းရုပ်မြင်သံကြားအစီအစဉ်များ၌ ဖော်ပြထားကြောင်း၊ အိန္ဒိယရဲတပ်ဖွဲ့က သံဆူးကြိုးများ၊ ကွန်ကရစ်တုံးများအပါအဝင် အတားအဆီးများကို မြို့တော်အဝင် လမ်းမများပေါ်၌ ချ၍ပိတ်ဆို့တားမြစ်ထားကြောင်းနှင့် ဒေလီမြို့တော်တစ်ဝိုက်တွင် လူစုလူဝေးပြုလုပ်ခြင်းကို တားမြစ်သည့် အမိန့်အား မြို့တော်ရဲဌာနမှ ထုတ်ပြန် ကြေညာထားကြောင်း သိရသည်။

ပြည်ထောင်စုခေါင်းဆောင်များက ကောက်ပဲသီးနှံစျေးနှုန်းများအပေါ် အာမခံချက်ရရှိရေးနှင့် တောင်သူလယ်သမားများ အား ကူညီထောက်ပံ့မှုများ မြှင့်တင်ရန်၊ အစိုးရအနေဖြင့် လယ်သမားများ ဝင်ငွေနှစ်ဆရရှိရေး ကတိပြုထားချက်အား ပြည့်မီ အောင်ဆောင်ရွက်ရန်စသည်ဖြင့် တောင်းဆိုပြောကြားခဲ့ပြီးနောက် လယ်သမား များက အစိုးရအပေါ် ဖိအားပေးရန် ယခုကဲ့သို့ လမ်းမပေါ်ထွက်၍ ဆန္ဒပြကြခြင်းဖြစ်သည်။

“ကျွန်တော်တို့က ငြိမ်းချမ်းစွာ ချီတက်ဆန္ဒပြကြမှာပါ။ အဓိကရည်ရွယ်ချက်က ကျွန်တော်တို့ရဲ့ တောင်းဆိုချက်တွေကို အစိုးရက နားထောင်ပေးဖို့ပါ။” ဟု ပန်ဂျပ်ပြည်နယ် Kisan Mazdoor Sangharsh ကော်မတီအတွင်းရေးမှူး Sarvan Singh Pandher က ANI သတင်းဌာနသို့ ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရက တစ်နှစ်လျှင်သီးနှံအမျိုး(၂၀)ကျော်အတွက် စျေးကွက်ရည်ညွှန်းစျေးနှုန်းများသတ်မှတ်နိုင်ရန်အနိမ့်ဆုံး ထားရှိရမည့်စျေးနှုန်းများ (Minimum Support Prices) သတ်မှတ်ပေးမည်ဟု ထုတ်ပြန်ကြေညာခဲ့သော်လည်း ပြည်နယ် အသီးသီးရှိအစိုးရ အဝယ်တော်များက ဆန်နှင့် ဂျုံကိုသာ သတ်မှတ်စျေးနှုန်းအတိုင်း ဝယ်ယူခဲ့ကြောင်း၊ ထို့ကြောင့် အဆိုပါ သီးနှံ နှစ်မျိုးကို စိုက်ပျိုးထုတ်လုပ်သော လယ်သမား ၆ ရာခိုင်နှုန်းခန့်ကိုသာ အကျိုးအမြတ်ရရှိစေခဲ့သည်ဟုဆိုသည်။

၂၀၂၁ ခုနှစ်က ထောင်ပေါင်းများစွာသော တောင်သူလယ်သမားများသည် ယင်းနှစ်မတိုင်မီက အိန္ဒိယအစိုးရက ပြဋ္ဌာန်းခဲ့သော ဥပဒေ (၃) ရပ်အပေါ် ပြင်ဆင်ပြဋ္ဌာန်းပေးရန် တစ်နှစ်ကြာအောင် ဆန္ဒပြတောင်းဆိုခဲ့ကြသည်။ အဆိုပါ ဥပဒေ များသည် အိန္ဒိယနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍတစ်ရပ်လုံး ခေတ်မီဖွံ့ဖြိုးစေရန် ရည်ရွယ်၍ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ကြောင်းနှင့်

တောင်သူများအနေဖြင့် ၎င်းတို့၏ ထွက်ကုန်များကို ပိုမိုရွေးချယ်ခွင့်ရှိစွာဖြင့် ရောင်းချနိုင်သည့်အတွက် ဝင်ငွေတိုးတက်စေနိုင်ကြောင်း အစိုးရက ပြောကြားခဲ့သည်။

သို့သော် တောင်သူလယ်သမားများကမူ အဆိုပါ ဥပဒေများသည် လယ်ယာထွက်ကုန် ဈေးကွက်အပေါ် ပုဂ္ဂလိက ကုမ္ပဏီကြီးများ၏ ကြီးစိုးချယ်လှယ်မှု တိုးမြင့်စေပြီး အစိုးရမှ အာမခံထားသော ကြမ်းခင်းဈေးနှုန်း (minimum support price–MSP) မှ ၎င်းတို့ရရှိမည့် အကျိုးကျေးဇူးကို ထိခိုက် စေသည်ဟု ဝေဖန်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအနေဖြင့် အဆိုပါ အငြင်းပွားဖွယ် ဥပဒေများနှင့် ပတ်သက်၍ ယင်းသို့ ဖိအားပေး တောင်းဆိုလျက်ရှိသည့်အပေါ် ပြန်လည်ပြင်ဆင်သုံးသပ်သွားရန် ရုတ်ချည်းစဉ်းစားဆုံးဖြတ်ခဲ့ဟန်ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံတွင် ဝန်ကြီးချုပ်မိုဒီဦးဆောင်သော အစိုးရအနေဖြင့် ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးစဉ် ကာလကထားရှိခဲ့သော ကတိကဝတ်များကို ပြည့်မီအောင် ဆောင်ရွက်ပေးခဲ့ခြင်းမရှိသည့်အပေါ် တောင်သူ လယ်သမားများက ဆန္ဒပြ တောင်းဆိုလျက်ရှိခြင်းဖြစ်ကြောင်း သုံးသပ်ရရှိသည်။ အိန္ဒိယနိုင်ငံ၏ လက်ရှိအာဏာရ ပါတီဖြစ်သော Bharatiya Janata Party (BJP) အနေဖြင့် နောက်ထပ်အစိုးရသက်တမ်း ထပ်မံတိုးမြှင့်နိုင်ရန်အတွက် အများပြည်သူမှ တစ်ခဲနက်ထောက်ခံအားပေးရန် လိုအပ်သည်။

သို့ပါ၍ အိန္ဒိယအစိုးရ ဌာနအသီးသီးက ခန့်မှန်းထုတ်ပြန်ချက်များအရ နိုင်ငံရှိအခြေခံတောင်သူ လယ်သမားထုဦးရေမှာ အရေအတွက် (၃၇) သန်းမှ (၁၁၈) သန်းအကြား ရှိသည့်အတွက် အစိုးရအနေဖြင့် ယခုကိစ္စရပ်အပေါ် သတိကြီးစွာဖြင့် ကိုင်တွယ်ဆောင်ရွက်သွားဖွယ်ရှိကြောင်း သိရှိရသည်။

Source: Al Jazeera သတင်းဌာန၊ “Indian police block roads to halt farmers’ march to New Delhi”

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_150220240110

## ဟောင်ကောင် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီမှ ၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဦးစားပေးလုပ်ငန်းများထုတ်ပြန်ကြေညာ

၂၀၂၄-၂၀၂၅ ခုနှစ်အတွက် ဟောင်ကောင်ဒေသ၏ ကမ္ဘာ့စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဗဟိုဌာနအဖြစ်လည်းကောင်း ညီလာခံနှင့် ကုန်စည်ပြပွဲအတွက် အဓိကအချက်အချာဒေသအဖြစ်လည်းကောင်း ရပ်တည်ခိုင်မာစေရန် လုပ်ဆောင်သွားရေးသည် အဓိကကျသည့် ရည်မှန်းချက်များဖြစ်ကြောင်း ဟောင်ကောင်ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ (HKTDC) မှ ထုတ်ပြန်ကြေညာခဲ့သည်ဟု Hong Kong Business သတင်းဌာနမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်နေ့တွင် “HKTDC outlines priorities to boost global business, C&E hub” ခေါင်းစဉ်ဖြင့် ရေးသားဖော်ပြထားသည်။

အလေးထားဆောင်ရွက်သွားမည့်ကဏ္ဍများအနက် မဟာပင်လယ်ကွေ့ဒေသ(GBA)တွင် ဟောင်ကောင်ဒေသ၏ ရပ်တည်မှုခိုင်မာစေရန်နှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်သွားရေးတို့လည်းပါဝင်ကြောင်း၊ ထို့သို့ လုပ်ဆောင်ရန်အတွက် စီးပွားရေးအထောက်အကူပြုဗဟိုဌာနများဖွင့်လှစ်ခြင်း၊ GoGBA အစီအစဉ် Version 2.0 စတင်ခြင်း၊ အခြေခံအဆောက်အဦနှင့် အိမ်ခြံမြေလုပ်ငန်း ဝန်ဆောင်မှုများမြှင့်တင်ရေး တိုးမြှင့်ဆောင်ရွက်ခြင်း၊ အခမ်းအနားများ စီစဉ်ကျင်းပသွားခြင်းတို့ပါဝင်ကြောင်း ရေးသားဖော်ပြထားသည်။

ထို့ပြင် ဒေသတွင်းဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (RCEP) အပါအဝင် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများမှ အခွင့်အလမ်းများတွင် ဟောင်ကောင်ဒေသအနေဖြင့် ချိတ်ဆက်ဆောင်ရွက်သွားရန်လည်း ရည်ရွယ်ထားကြောင်း၊ သတင်းအချက်အလက်နှင့်နည်းပညာ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျန်းမာရေးတို့ကို ဦးတည်သည့် ကဏ္ဍသစ်များနှင့် ဟောင်ကောင်ဒေသ၏ အဓိကကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရေးသား ဖော်ပြထားသည်။

အလားတူ အပြည်ပြည်ဆိုင်ရာညီလာခံနှင့် ကုန်စည်ပြပွဲကြီး ၄၀ ပြုလုပ်ကျင်းပခြင်း၊ ကုန်စည်ပြပွဲအသစ် ၂ ခု စတင်ကျင်းပခြင်းနှင့် ညီလာခံနှင့် ကုန်စည်ပြပွဲများတွင် ဒစ်ဂျစ်တယ် နည်းပညာအသုံးပြုမှု တိုးမြှင့်ပေးခြင်းဖြင့် ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအချက်အချာ၊ ညီလာခံနှင့် ကုန်စည်ပြပွဲကျင်းပရာ ဗဟိုဌာနတစ်ခုအဖြစ် ဟောင်ကောင်ဒေသ၏ အခန်းကဏ္ဍကို မြှင့်တင်နိုင်ရေး ဆောင်ရွက်သွားရန် ရည်ရွယ်ထားကြောင်း စသည်ဖြင့်ရေးသား ဖော်ပြထားသည်။

(စီးပွားရေးသံမှူး၊ ဟောင်ကောင်မြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_270220241100

## အီးယူ၏ သစ်တောပြုန်းတီးမှုဥပဒေကြောင့် အကျပ်အတည်းနှင့်ရင်ဆိုင်နေရသော အင်ဒိုနီးရှားနိုင်ငံ၏ ရော်ဘာလုပ်ငန်း

ဥရောပသမဂ္ဂ၏ သစ်တောပြုန်းတီးမှုစည်းမျဉ်း [EUDR] ကြောင့်ဖြစ်ပေါ်လာမည့် သက်ရောက်မှုများကို အင်ဒိုနီးရှား ရော်ဘာထုတ်လုပ်သူများက စိုးရိမ်လျက်ရှိပြီး ရှုပ်ထွေးသောစိစစ်ခြင်းဖြစ်စဉ်များကို ပိုမိုဆိုးရွားစေကာ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် အခြားနိုင်ငံများသို့ တင်ပို့မှုများအား အဟန့်အတားဖြစ်စေမည်ကို ထိတ်လန့်နေကြသည်။ အင်ဒိုနီးရှားစာရင်းအင်း (Statistics Indonesia–BPS) ၏ အချက်အလက်များအရ ၂၀၂၂ ခုနှစ် အတွင်း အရှေ့တောင်အာရှမှ ရော်ဘာတန်ချိန် ၂ ဒသမ ၀၈ သန်း (တန်ဖိုးအမေရိကန်ဒေါ်လာ ၃ ဒသမ ၆၆ ဘီလီယံ) တင်ပို့ခဲ့ရာ ဥရောပသမဂ္ဂနိုင်ငံများသို့ ခန့်မှန်းခြေ ၁၄ ရာခိုင်နှုန်း (တန်ချိန် ၃၀၀,၀၀၀) တင်ပို့ခဲ့သည်။

အင်ဒိုနီးရှားရော်ဘာအသင်း (Gapkindo) ၏ အမှုဆောင်ဒါရိုက်တာ Erwin Tunas က ဥရောပသမဂ္ဂ၏ သစ်တော ပြုန်းတီးမှုစည်းမျဉ်းများနှင့် မကိုက်ညီပါက ပြည်တွင်းရော်ဘာ ထောက်ပံ့ရေးကွင်းဆက်ရှိ တောင်သူများနှင့် ရော်ဘာထုတ်လုပ် သူများအတွက် ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာ ၅၂၇ သန်းခန့် သိသိသာသာ ကျဆင်းသွားနိုင်ကြောင်း၊ အီးယူအဖွဲ့ဝင် နိုင်ငံများသို့ တာယာကဲ့သို့ ရော်ဘာအချောထည်ပစ္စည်းများတင်ပို့နေသည့် အခြားနိုင်ငံများကလည်း အင်ဒိုနီးရှားရော်ဘာ ထုတ်လုပ်သူများအား အီးယူကဲ့သို့ ပထဝီမြေပုံဆိုင်ရာ အချက်အလက်များ တောင်းခံလာမည်ကို စိုးရိမ်ကြောင်း၊ ယင်း လိုအပ်ချက်သည် အင်ဒိုနီးရှားလယ်ယာ စိုက်ပျိုးရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ရသည့် စိုက်ခင်းစိုက်ပျိုးခွင့် ပါမစ်နှင့်ဆင်တူကြောင်း၊ အင်ဒိုနီးရှားရော်ဘာစိုက်မြေဟက်တာ ၃ ဒသမ ၂ သန်းတွင် ဟက်တာ ၁၀,၀၀၀ သာ အဆိုပါပါမစ်ရရှိထားကြောင်း၊ အစိုးရအနေဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ သဘာဝရော်ဘာ ၉၀ ရာခိုင်နှုန်းကို ထုတ်လုပ်နေသည့် အသေးစားတောင်သူလယ်သမားများ မှတ်ပုံတင်ရာတွင် လွယ်ကူချောမွေ့စေရန် ဆောင်ရွက်ပေးစေလိုကြောင်းတို့ကို ပြောကြား ခဲ့သည်။

စိုက်ပျိုးရေးညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Andi Nur Alam Syah က ဝန်ကြီးဌာနအနေဖြင့် ပြည်နယ် အစိုးရများအား အချက်အလက်များကောက်ခံခြင်း၊ မြေပုံဆွဲခြင်း၊ စစ်ဆေးခြင်းနှင့် ပါမစ်ထုတ်ပေး ခြင်းတို့ကို EUDR စတင်ကျင့်သုံးမည့် ယခုနှစ်ကုန်တွင်စတင်နိုင်ရန် မှာကြားထားကြောင်း၊ အစိုးရကခြေရာခံနည်းလမ်းများဖြင့် အသေးစား ရော်ဘာစိုက်ပျိုးသူများ၏ ပထဝီမြေပုံဆိုင်ရာ အချက်အလက်များကို ကောက်ခံထားသဖြင့် အီးယူသို့ ရော်ဘာနှင့် ရော်ဘာ ထုတ်ကုန်များကို တင်ပို့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားစီးပွားရေးပြုပြင်ပြောင်းလဲမှုဗဟို (Central of Reform on Economics–CORE) မှ သုတေသီ Eliza Mardian က EUDR ၏ အကျိုးသက်ရောက်မှုကို အင်ဒိုနီးရှားနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်နိုင်ငံ များဖြစ်သည့် အမေရိကန်၊ တရုတ်နှင့် ဂျပန်တို့က ယခုအချိန်အထိ ဆွေးနွေးခြင်းမရှိသေးကြောင်း၊ အကယ်၍ အဆိုပါနိုင်ငံများက အင်ဒိုနီးရှား ထုတ်လုပ်သူ များအား အီးယူ၏ သစ်တောမပြုန်းတီးရေး အထောက်အထား တောင်းခံလာပါက အစိုးရအနေဖြင့် လယ်သမားများအား အဆိုပါလက်မှတ်ရရှိရေး ကူညီသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အင်ဒိုနီးရှားရော်ဘာကောင်စီဥက္ကဋ္ဌ Aziz Pane က အီးယူ၏ ဥပဒေကြောင့် တူရကီသည် အင်ဒိုနီးရှားမှ ရော်ဘာအစား အိုင်ဗရီကို့စ်မှ ဝယ်ယူခဲ့ကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ၏ ရော်ဘာလုပ်ငန်းသည် ပြည်တွင်း သုံးစွဲမှု နည်းပါးခြင်းကြောင့် ပို့ကုန်အပေါ် မှီခိုနေရကြောင်းကိုလည်း ပြောကြားခဲ့သည်။ အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အချက်အလက်များအရ အရှေ့တောင်အာရှ၏ အကြီးဆုံးရော်ဘာ လုပ်ငန်းသည် ၂၀၁၇ ခုနှစ်တွင် ထုတ်လုပ်မှုတန်ချိန် ၃ ဒသမ ၆၅ သန်းဖြင့် စံချိန် တင်မြင့်မားခဲ့ပြီး တန်ချိန် ၃ ဒသမ ၂ သန်း တင်ပို့ခဲ့သည်။ ၂၀၁၈ ခုနှစ်၌ ရော်ဘာနှင့် ရော်ဘာထွက်ကုန်များတင်ပို့မှုသည် တန်ချိန် ၃ ဒသမ ၄၅ သန်း တန်ဖိုးအမေရိကန်ဒေါ်လာ ၆ ဒသမ ၁၄ သန်း ရှိကြောင်း သိရှိရသည်။

၂၀၁၉ နှင့် ၂၀၂၀ ပြည့်နှစ်များ၌ ပို့ကုန်တင်ပို့မှုဆက်လက်ကျဆင်းခဲ့ပြီး ကမ္ဘာ့ရော်ဘာဈေးနှုန်း ၂၆ ရာခိုင်နှုန်း မြင့်တက် ခဲ့သည့် ၂၀၂၁ ခုနှစ်၌ တင်ပို့မှုတန်ချိန် ၂ ဒသမ ၉၈ သန်း၊ တန်ဖိုး အမေရိကန်ဒေါ်လာ ၆ ဒဿမ ၇၉ သန်း အထိ မြင့်တက်ခဲ့ သည်။

ရော်ဘာဈေးနှုန်းတည်ငြိမ်သွားခြင်း၊ ရော်ဘာရွက်ကြွေရောဂါဖြစ်ပွားခြင်း၊ ရော်ဘာစေးခြစ်သူများ မရှိခြင်း၊ ရော်ဘာ အစား အခြားသီးနှံများ ပြောင်းလဲစိုက်ပျိုးခြင်းတို့ကြောင့် ယခင်နှစ် ဇန်နဝါရီလမှ မေလအတွင်း ရော်ဘာနှင့် ရော်ဘာထွက်ကုန် တင်ပို့မှု၏ တန်ဖိုးနှင့်ပမာဏမှာ တစ်နှစ်ထက်တစ်နှစ် ၂၅ ရာခိုင်နှုန်းနှင့် ၁၄ ရာခိုင်နှုန်းအသီးသီး ကျဆင်းသွားခဲ့သည်။ ယင်းသို့ ကုန်ကြမ်းထွက်ရှိမှု လျော့ကျခြင်းကြောင့် ရော်ဘာကုန်ကြမ်းမှ တစ်ဆင့် ဆက်စပ်ပစ္စည်းထုတ်လုပ်သည့် စက်ရုံများကိုဆိုးရွားစွာ ထိခိုက်နစ်နာစေသည်။

ပြီးခဲ့သောခြောက်နှစ်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရော်ဘာအစအနထုတ်လုပ်သူ ၁၅၂ ခု အနက် ၄၈ ခု မှာ ပိတ်သိမ်းခဲ့ရကြောင်း Erwin မှပြောကြားခဲ့သည်။ Source: Borneo Bulletin, Source: https://commerce.gov.mm

Source: https://myantrade.gov.mm/article/naypyitaw_16022024_955

## အမေရိကန်နိုင်ငံသို့ ပုစွန်တင်ပို့မှုအား ယာယီရပ်ဆိုင်းထားသင့်ကြောင်း ဖိလစ်ပိုင် ကုန်သွယ်/ စက်မှုဝန်ကြီးဌာနမှ အကြံပြုပြောကြား

အမေရိကန်နိုင်ငံ၏ လတ်တလောသွင်းကုန်မူဝါဒ ပိုမိုတင်းကြပ်လာမှုကြောင့် ဖိလစ်ပိုင် ပုစွန်တင်ပို့သူများအနေဖြင့် အမေရိကန်နိုင်ငံသို့ ပုစွန်တင်ပို့ခြင်းအား ယာယီရပ်ဆိုင်းထားသင့်ကြောင်း ဖိလစ်ပိုင် ကုန်သွယ်/ စက်မှုဌာနလက်အောက်ခံ Export Marketing Bureau (EMB) မှ အကြံပြုပြောကြားခဲ့သည်။ အမေရိကန် အစိုးရသည် ၂၀၂၃ ခုနှစ်၊ မေလက ထုတ်ပြန်ခဲ့သည့် Public Law 101-162, Section 609 ပါ ပြဋ္ဌာန်းချက်များအရ Turtle Excluder Devices များအသုံးပြုခြင်း သို့မဟုတ် စီးပွားဖြစ်ပုစွန်ဖမ်းဆီးသည့် နည်းပညာအသုံးပြုခြင်းများသည် လိပ်မျိုးစိတ်များအား ထိခိုက်မှုရှိစေသည့်အတွက် တင်သွင်းခြင်းကိုတားမြစ်ထားကြောင်း၊ မွေးမြူရေးပုစွန်များကိုသာ အမေရိကန်နိုင်ငံသို့ တင်သွင်းခွင့်ပေးသည်ဟု ဖော်ပြထားသည်။

အမေရိကန်၏ပုစွန်တင်သွင်းမှုမူဝါဒမှာ အထက်ဖော်ပြပါနည်းလမ်းသုံးစွဲ၍ တင်ပို့သူများကိုသာ တားမြစ်ထားခြင်းဖြစ်သည့်အတွက် ဖိလစ်ပိုင်မှ ပုစွန်တင်ပို့သူများအနေဖြင့် အမေရိကန်အကောက်ခွန် နှင့်နယ်စပ်ဒေသ ကာကွယ်ရေးအဖွဲ့မှ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်း၍ဖြေရှင်းပေးသည့်အချိန် စောင့်ဆိုင်းပြီးမှသာ ပြန်လည်တင်ပို့သွားရန် ဖိလစ်ပိုင်ကုန်သွယ်/စက်မှုဝန်ကြီးဌာန က ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့က ၎င်းတို့၏ ဝန်ကြီးဌာနဝက်ဘ်ဆိုက်တွင် အသိပေးကြေညာခဲ့သည်။

ပြင်ဆင်လိုက်သည့်မူဝါဒအသစ်အရ အမေရိကန်နိုင်ငံသို့တင်သွင်းမည့် ပုစွန်နှင့်ဆက်စပ်ပစ္စည်းများအတွက် သွင်းကုန်ကြေညာလွှာ သို့မဟုတ် ပုစွန်တင်ပို့ကြောင်း သက်သေခံလက်မှတ် DS-2031 ရှိရ မည်ဖြစ်ပြီး Humane Harvesting Methods of Shrimp နည်းလမ်းအသုံးပြုထားခြင်း ရှိ/မရှိ စစ်ဆေး မှုခံယူရမည်ဖြစ် ကြောင်း၊ တင်ပို့မည့်နိုင်ငံအသီးသီးမှ တာဝန်ခံဌာနများကလည်း လက်မှတ်ရေးထိုး အတည်ပြုပေးသွားရမည်ဖြစ်သည်။ ယခုထုတ်ပြန်လိုက်သည့် ဥပဒေနှင့်အကျုံးဝင်သည့် ပုစွန်ပို့ကုန်လုပ်ငန်းရှင်များအနေဖြင့် ဖိလစ်ပိုင် နိုင်ငံ၏ Bureau of Fisheries and Aquatic Resources (BFAR) ထံမှ သွင်းကုန်ကြေညာလွှာ သို့မဟုတ် ပုစွန်တင်ပို့ကြောင်းသက်သေခံလက်မှတ်ရရှိရန် တိုက်ရိုက်လျှောက်ထားတောင်းခံရမည်ဖြစ်သည်။

ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးဌာနက ချမှတ်ထားသည့် ပုစွန်လုပ်ငန်းကဏ္ဍလမ်းပြမြေပုံ (၂၀၂၁-၂၀၄၀) ပါအရ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာအဆင့် ပုစွန်တင်ပို့မှု ထိပ်တန်း ၁၀ နိုင်ငံစာရင်းတွင် ပါဝင် ရန်နှင့် အရှေ့တောင်အာရှဒေသတွင်းတွင် စတုတ္ထအဆင့်နေရာတွင် ရရှိစေရမည်ဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံ၏ စုစုပေါင်း ပုစွန်မွေးမြူထုတ်လုပ်ခြင်း၏ ၁၀ ရာခိုင်နှုန်းအားပြည်ပသို့တင်ပို့ခြင်းဖြစ်ပြီး ၉၀ ရာခိုင်နှုန်း မှာ ပြည်တွင်း စားသုံးခြင်းဖြစ်သည်။

ရေထွက်လုပ်ငန်းကဏ္ဍ၏ ၈၀ ရာခိုင်နှုန်းခန့်မှာ ပုစွန်မွေးမြူထုတ်လုပ်ခြင်းဖြစ်ပြီး ထုတ်လုပ်မှု၏ ၆၀ ရာခိုင်နှုန်းမှာ Giant Black Tiger Shrimp ဖြစ်ပြီး ၃၀ ရာခိုင်နှုန်းမှာ Pacific White Shrimp ဖြစ်ပါကြောင်း၊ ရေချိုပုစွန်မှာ တစ်ရာခိုင်နှုန်းအောက်တွင်သာရှိသည်။ နှစ်စဉ်ပုစွန်မွေးမြူထုတ်လုပ်ခြင်းတိုးတက်လာပြီး Black Tiger Shrimp ထုတ်လုပ်မှုတန်ချိန် မက်ထရစ်တန် ၅,၀၀၀ အနည်းဆုံးရှိပြီး White Shrimp မက်ထရစ်တန် ၂၀,၀၀၀ ထုတ်လုပ်နိုင်ခဲ့ကြောင်း၊ ပို့ကုန်တင်ပို့နိုင်မှုမှာလည်း နှစ်စဉ် ၂၀ ရာခိုင်နှုန်းမှ ၂၅ ရာခိုင်နှုန်းထိ ကာလရှည် တစ်လျှောက်လုံး မြင့်တက်ခဲ့သည်။ ထို့ပြင် National Comprehensive Shrimp Breeding Program အား အကောင်အထည်ဖော်ဆောင်ရွက်သွားရန်ရှိပြီး ပုစွန်မွေးမြူထုတ်လုပ်သူနှင့် ပို့ကုန်တင်ပို့သူများအတွက် ရေရှည်အကျိုးရှိစေရန် ရည်ရွယ်ကြောင်းဖော်ပြပါရှိသည်။

Source;https://mb.com.ph/2024/2/14/dti-advises-ph-exporters-to-halt-shrimp-imports-to-us

(စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_160220240258

## ၂၀၂၄ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သကြားထုတ်လုပ်မှုကျဆင်းကာ ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်ခန့်မှန်း

အိန္ဒိယနိုင်ငံ၏ သကြားဈေးကွက်တွင် ရာသီဥတုပူပြင်းခြောက်သွေ့မှုပြဿနာနှင့် ရင်ဆိုင်နေရပြီး စုစုပေါင်းသန့်စင်ပြီးသကြားထွက်ရှိမှု ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း သိရသည်။ ထို့ကြောင့် အစိုးရအနေဖြင့် သကြားအားပြည်ပသို့တင်ပို့မှုကို ဆက်လက်ကန့်သတ်ထားဖွယ်ရှိနေပြီး၊ ယခုနှစ် အစောပိုင်းမှစ၍ ပြည်တွင်း သကြားဈေးနှုန်း ၁၄ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်

လာခဲ့ကြောင်း သိရသည်။ အိန္ဒိယအပါအဝင် ကမ္ဘာ့သကြား ထုတ်လုပ်တင်ပို့သည့် နိုင်ငံများ၌ ယင်းသို့စိန်ခေါ်မှု အခက်အခဲများနှင့် ရင်ဆိုင်နေရမှုကြောင့် ၂၀၂၄ ခုနှစ် တွင် ကမ္ဘာ့သကြားဈေးနှုန်းများ မြင့်တက်ဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

လတ်တလောဖြစ်ပေါ်လျက်ရှိသော သကြားဈေးနှုန်းများမှာ နယူးယောက်ဈေးကွက်(Inter Continental Exchange) တွင် သကြားကြမ်း(Raw sugar) ၏ မတ်လကြိုရောင်းဈေးနှုန်း (Future price) မှာ တစ်ပေါင်လျှင် ၂၂ ဒသမ ၈၆ ဆင့် (တစ်တန်လျှင် ရူပီး ၄၂,၁၇၅)နှင့် လန်ဒန်ဈေးကွက်(ICE Futures Europe exchange) တွင် သကြားဖြူ (White sugar) ၏ မတ်လကြိုရောင်းဈေးနှုန်း (Future price) မှာ တစ်တန်လျှင် ကန်ဒေါ်လာ ၆၅၂ ဒသမ ၅၀(တစ်တန်လျှင် ရူပီး ၅၄,၁၇၅) ရှိကြောင်းသိရသည်။

ကမ္ဘာ့အများဆုံးသကြားတင်ပို့သည့်နိုင်ငံဖြစ်သော ဘရာဇီးနိုင်ငံသည် ယခုနှစ်တွင် သကြားကိုစံချိန်တင်ထုတ်လုပ်နိုင်ဖွယ်ရှိသည့်အတွက် ကမ္ဘာ့သကြားဈေးကို တည်ငြိမ်အောင် ထိန်းသိမ်းနိုင်ဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ သို့သော် ဘရာဇီးနိုင်ငံ၏ အဓိကသကြားထုတ်လုပ်ရာဒေသများတွင် မိုးသည်းထန်စွာရွာသွန်းမှုများ ကြုံတွေ့နေရသည့်အတွက် ဈေးကွက်အခြေအနေအပေါ် သက်ရောက်မှုများရှိနိုင်ကြောင်း စိုးရိမ်မှုများရှိနေသည်။

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလက ဘရားဇီးနိုင်ငံမှ သကြားတင်ပို့မှုတိုးမြင့်ခဲ့ပြီး၊ အိန္ဒိယနိုင်ငံမှ အီသနော ထုတ်လုပ်မှု၌ ကြံရည်ကိုသုံးစွဲခြင်းမပြုရန်တားမြစ်ခဲ့သည့်အတွက် ကမ္ဘာ့သကြားဈေးနှုန်း အနည်းငယ်ကျဆင်းခဲ့သည်။ သို့သော် အာရှနိုင်ငံအများအပြားတွင် အယ်နီညိုကြောင့် ရာသီဥတုခြောက်သွေ့ကာ သကြားထုတ်လုပ်မှု လျော့ကျလာသည့်အတွက် ဒီဇင်ဘာလနှောင်းပိုင်းမှစ၍ သကြားဈေး ပြန်လည်မြင့်တက်ခဲ့သည်။

၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့ဒုတိယသကြားအများဆုံးထုတ်လုပ်သည့် ထိုင်းနိုင်ငံတွင် သကြားထုတ်လုပ်မှု ၂၀ ရာခိုင်နှုန်းအထိ ကျဆင်းဖွယ်ရှိကာ အိန္ဒိယနိုင်ငံတွင် ၃ ရာခိုင်နှုန်းကျော်ကျဆင်းဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်က ခန့်မှန်းထားသည်။

သို့သော် ကမ္ဘာ့သကြားဈေးကွက်တွင် မျှခြေသို့ပြန်လည်ရောက်ရှိကာ ရောင်းလိုအား အနည်းငယ်ပိုလျှံလာဖွယ်ရှိကြောင်း ခန့်မှန်းမှုများရှိနေသည်။ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ သကြားထုတ်လုပ်မှုကျဆင်းလာခြင်းကို တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားတိုးမြင့်ထုတ်လုပ်မှုက ကာမိဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။ ထို့ပြင် ကမ္ဘာ့သကြားဈေးနှုန်းမြင့်တက်လာ ခြင်းကြောင့် ဘရာဇီးနိုင်ငံမှ သကြားစက်ရုံများအနေဖြင့် အီသနောထုတ်လုပ်မည့်အစား သကြားကိုအစားထိုး၍ ပိုမိုတိုးမြှင့် ထုတ်လုပ်လာဖွယ်ရှိသည်။

ယခုနှစ်တွင် ကမ္ဘာ့သကြားထုတ်လုပ်မှုတန်ချိန် ၁၈၅ ဒသမ ၅ သန်းရှိကာ ယခင်နှစ်ကထက် တန်ချိန် ၈ ဒသမ ၂ သန်း တိုးမြင့်လာဖွယ်ရှိကြောင်း အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဌာန(USDA)က ပြီးခဲ့သည့်နှစ် အောက်တိုဘာလက ခန့်မှန်းထားသည်။ ဈေးကွက်သုတေသနလုပ်ငန်းတစ်ခုဖြစ်သော BMI ကလည်း ယခုနှစ် ကမ္ဘာ့သကြားရောင်းလိုအားသည် တန်ချိန် ၁၈၂ သန်းရှိကာ ယခင်နှစ်ကထက် ၂ ဒသမ ၂ ရာခိုင်နှုန်းမြင့်တက်ဖွယ် ရှိကြောင်း ခန့်မှန်းထားသည်။

ယခုနှစ် ကမ္ဘာ့သကြားစားသုံးမှုမှာ တန်ချိန် ၁၈၀ ဒသမ ၄ သန်းရှိကာ ယခင်နှစ်ကထက် သုည ဒသမ ၈ ရာခိုင်နှုန်းမြင့်တက်ဖွယ်ရှိကြောင်း၊ အိန္ဒိယနိုင်ငံ၏ သကြားစားသုံးမှု ၅ ဒသမ ၁ ရာခိုင်နှုန်းအထိ မြင့်တက်လာဖွယ်ရှိပြီး၊ အခြားသကြားစားသုံးသည့် နိုင်ငံများတွင်မူ ယခင်အတိုင်း ပြောင်းလဲဖွယ်မရှိဟု BMI က ခန့်မှန်း ထားသည်။

သို့ပါ၍ ၂၀၂၄ ခုနှစ်တွင် ကမ္ဘာ့သကြားဈေးနှုန်းနှင့် စားသုံးမှုတိုးမြင့်လာဖွယ်ရှိကာ အယ်နီညိုရာသီဥတုကြောင့် အိန္ဒိယနှင့် ထိုင်းနိုင်ငံတို့မှ သကြားထုတ်လုပ်တင်ပို့မှုကျဆင်းဖွယ်ရှိပြီး၊ တရုတ်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့မှ သကြားပိုမိုထုတ်လုပ်တင်ပို့လာဖွယ်ရှိသည်။ ကမ္ဘာ့ဘဏ်အပါအဝင် ကျန်အဖွဲ့အစည်းများ၏ ကမ္ဘာ့သကြားဈေးကွက်ခန့်မှန်းချက်များကို သိရှိနိုင်ရေး တင်ပြလိုက်ရသည်။

ရည်ညွှန်းချက်။ The Hindu Businessline သတင်းဌာန၊ “Sugar prices likely to rule lower than 2023 on higher output prospects”၊ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်။

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source:https://myantrade.gov.mm/article/STP(Yangon)–19022024–13:15

## တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံမှ အေးခဲထားသော အုန်းရည်ထုတ်ကုန်များနှင့် ပတ်သက်၍ သတိပေးချက်ထုတ်ပြန်

ဗီယက်နမ်နိုင်ငံမှ တင်သွင်းလာသည့် အေးခဲထားသော အုန်းရည်ထုတ်ကုန်များတွင် coliform bacteria၊ တဆေးနှင့် မှိုများပါဝင်မှုအဆင့်သည် တရုတ်နိုင်ငံ၏ အစားအစာဘေးကင်းလုံခြုံရေးသတ်မှတ်ချက်များထက် ပိုမိုနေသည်ကို တရုတ်

အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (General Administration of Customs of China –GACC) မှ စစ်ဆေးတွေ့ရှိခဲ့ကြောင်း ဗီယက်နမ် မီဒီယာများ၏ ဖော်ပြချက်အရ သိရှိရသည်။

အဆိုပါပြဿနာများ၏ မူလဇစ်မြစ်မှာကုမ္ပဏီများမှအကောင်အထည်ဖော်သည့် အစားအစာဘေးကင်းမှု ထိန်းချုပ်ရေးလုပ်ငန်းစဉ်များကြောင့်ဖြစ်ကြောင်း GACC က ထောက်ပြခဲ့ပြီး လိုအပ်ပါက အဆိုပါ ကုမ္ပဏီများကို အွန်လိုင်းစစ်ဆေးခြင်းကိုပြုလုပ်မည်ဖြစ်ကြောင်းနှင့် တရုတ်အစိုးရကလည်း ဗီယက်နမ်အာဏာပိုင်များအနေဖြင့် ၎င်းတို့၏ ကုမ္ပဏီများကို စစ်ဆေးမှုများပိုမိုလုပ်ဆောင်ပေးရန် တောင်းဆိုထားကြောင်း သိရှိရသည်။

ဗီယက်နမ် အမျိုးသားစိုက်ပျိုးရေးစီမံကိန်းနှင့် ခန့်မှန်းရေးအဖွဲ့၏ အချက်အလက်များအရ ဗီယက်နမ်နိုင်ငံ၏ အုန်းပင်စိုက်ပျိုးဧရိယာသည် ယခုအခါ ဟက်တာ (၁၈၈,၀၀၀) ကျော်ရှိကြောင်း၊ ဗီယက်နမ်တွင် အထင်ရှားဆုံး အုန်းသီးထွက်ရှိရာဒေသဖြစ်သည့် Ben Tre ပြည်နယ်တွင် စိုက်ပျိုးဧရိယာမှာ ခန့်မှန်းခြေအားဖြင့် ဟက်တာ (၇၈,၀၀၀) ရှိပြီး နှစ်စဉ် အုန်းသီးအလုံးရေ သန်း (၈၀၀) နီးပါးထုတ်လုပ်နိုင်ပြီး နှစ်စဉ်ပို့ကုန်တန်ဖိုး အမေရိကန်ဒေါ်လာသန်း (၂၀၀) ရရှိကြောင်း၊ အုန်းသီးထုတ်ကုန်များသည် အဆိုပါပြည်နယ်၏ စက်မှုထုတ်လုပ်မှု တန်ဖိုး၏ (၂၀) ရာခိုင်နှုန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုး၏ (၂၅) ရာခိုင်နှုန်းရှိကြောင်း သိရသည်။

လက်ရှိတွင် ဗီယက်နမ်မှ လတ်ဆတ်သောအုန်းသီးများကို တရားဝင်ကုန်သွယ်မှုလမ်းကြောင်းမှ တရုတ်နိုင်ငံသို့ ဝင်ရောက်ခွင့်မပြုဘဲ အသေးစားနယ်စပ်ကုန်သွယ်ရေးအစီအစဉ်များဖြင့်သာ တင်သွင်းနိုင်ကြောင်း၊ ၂၀၂၃ ခုနှစ်တွင် GACC သည် ဗီယက်နမ်ရှိ အုန်းခြံများကိုစစ်ဆေးရန် ဝန်ထမ်းများကိုစေလွှတ်ခဲ့ကြောင်း၊ လတ်ဆတ်သောအုန်းသီး၊ အေးခဲထားသော သစ်သီးထုတ်ကုန်များ၊ citrus နွယ်ဝင်အသီးများ၊ ထောပတ်သီး၊ သကြားပန်းသီး၊ ဖယောင်းပန်းသီး၊ ကြက်၊ ဝက်နှင့် မွေးမြူရေးထွက်ကုန်များအပါအဝင် ဗီယက်နမ်နိုင်ငံမှ စိုက်ပျိုးရေးထွက်ကုန် အမျိုးမျိုးအတွက် ဈေးကွက်ရရှိရေးလုပ်ငန်းစဉ်များကိုတက်ကြွစွာမြှင့်တင်သွားမည်ဟု ၂၀၂၃ ခုနှစ်ကုန်တွင် နှစ်နိုင်ငံအစိုးရများက ပူးတွဲထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဗီယက်နမ် အုန်းသီးများအတွက် တရုတ်ဈေးကွက်ဝင်ရောက်ခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို ၂၀၂၄ ခုနှစ်တွင် ပြီးစီးရန်မျှော်လင့်ထားသဖြင့် ဗီယက်နမ်အုန်းသီးအသင်းသည် ယခုနှစ်အတွက် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ တစ် ဘီလီယံ ရရှိရန် ရည်မှန်းချက်ချမှတ်ထားကြောင်း၊ အသင်း၏အဆိုအရ ဗီယက်နမ်ရှိ လုပ်ငန်းပေါင်း (၂၀) ခန့်သည် ကမ္ဘာတစ်ဝှမ်းရှိ နိုင်ငံနှင့်ဒေသ (၃၅) ခုသို့ အုန်းသီးတင်ပို့ရန် အရည်အချင်းပြည့်မီကြောင်းနှင့် အမေရိကန်နှင့် တရုတ်ဈေးကွက်များသို့ အုန်းသီးများ မကြာမီတင်ပို့နိုင်မည်ဖြစ်ရာ လုပ်ငန်းရှင်များသည် ကမ္ဘာ့ဈေးကွက် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ၎င်းတို့၏ အုန်းသီးစိုက်ပျိုးဧရိယာများကိုတက်ကြွစွာ တိုးချဲ့ကာစိုက်ပျိုးဧရိယာကုတ်နံပါတ်များကိုမှတ်ပုံတင်လျက်ရှိကြောင်းသိရသည်။

Source: https://www.producereport.com/article/china-issues-warnings-over-vietnamese-frozen-coconut-juice-products, (စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source:https://myantrade.gov.mm/article/Naypyitawstp_220220240945

## ဩစတြေးလျ နွားအရှင် တင်သွင်းခွင့် အင်ဒိုနီးရှား ပြန်လည်ခွင့်ပြု

အင်ဒိုနီးရှားနိုင်ငံတွင် နွားအရှင် တင်သွင်းရန် သွင်းကုန်ပါမစ်များ ပြန်လည်ခွင့်ပြုပြီးနောက် နွားတင်သင်္ဘော Nine Eagle သည် ဩစတြေးလျနိုင်ငံ ဒါဝင်ဆိပ်ကမ်းမှ အင်ဒိုနီးရှားသို့ နွားအရှင်များ တင်ဆောင်ပြီး ပထမဆုံးထွက်ခွာသည့် နွားတင်သင်္ဘော ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံတွင် သမ္မတအသစ်တင်မြှောက်ရန်ကျင်းပသည့် ရွေးကောက်ပွဲပြီးဆုံးပြီးနောက် ရက်အနည်းငယ်အတွင်းမှာ ဩစတြေးလျ နွားအရှင်များ တင်သွင်းရန် သွင်းကုန်ပါမစ်များ ချပေးလိုက်သည်။ အင်ဒိုနီးရှားသည် ယခုနှစ်အတွက် နွားကောင်ရေ ၆၅၀,၀၀၀ ခန့်တင်သွင်းရန် ပါမစ်ထုတ်ပေးခဲ့သည်။ ယခင်က နွားအရှင် သွင်းကုန်ပါမစ်ကျဖို့ လချီအောင်ကြာမြင့်ခဲ့ဖူးခြင်း မရှိချေ။

နွားအရှင်တင်ပို့သူများက စီစဉ်ထားသည့် နွားတင်သင်္ဘောအချို့သည် ဒါဝင်ဆိပ်ကမ်းအနီး ကျောက်ချရပ်နားပြီး စောင့်ဆိုင်းနေကြရသည်။ ထို့အတွက် နွားအရှင်တင်ပို့သူများက ရက်လွန်ကြေး တစ်ရက်လျှင် ဒေါ်လာ ၃၀,၀၀၀ မှ ဒေါ်လာ ၇၆,၀၀၀ အထိ သင်္ဘောအရွယ်အစားနှင့် ကန်ထရိုက်စာချုပ် သဘောတူညီချက် အပေါ်မူတည်ပြီး ပေးနေကြရသည်။

အင်ဒိုနီးရှားနိုင်ငံ၊ ကုန်သွယ်ရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်အတွက် ဇန်နဝါရီလ တစ်လလုံးပါမစ်ချမပေးခဲ့ချေ။ ဖေဖော်ဝါရီလလယ်ကျော်ပြီး ယခုမှ ၂၀၂၄ ခုနှစ်အတွက် ပထမဆုံးအကြိမ် နွားအရှင်သွင်းကုန်ပါမစ်များ ချပေးလိုက်ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ပါမစ်အကျကို စောင့်နေကြသည်မှာ သီတင်းပတ် ၇ ပတ်ခန့် ရှိပြီ ဖြစ်သော နွားအရှင် တင်ပို့သူများသည် နွားအရှင်များသင်္ဘောပေါ်သို့ အားချင်းတင်ပြီး အင်ဒိုနီးရှားသို့ပေးပို့သည်။ ဖေဖော်ဝါရီလ ၁၆ ရက် သောကြာနေ့တွင်

အင်ဒိုနီးရှားမှာ ပါမစ်များကို လက်မှတ်ထိုးပေးသည်။ ဖေဖော်ဝါရီလ ၁၇ ရက် စနေနေ့တွင် နွားအရှင်များတင်ဆောင်ထားသည့် နွားတင်သင်္ဘော Nine Eagle သည် ဒါဝင်ဆိပ်ကမ်းမှ ဂျာကာတာဆိပ်ကမ်းသို့ ထွက်ခွာသွားကြောင်း သိရသည်။

Source abc

Source: https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/7489-cattle.html

## ဗီယက်နမ် ဒူးရင်းခြံများနှင့် ကော်ဖီစိုက်ခင်းများ မကြုံစဖူး ထူးထူးကဲကဲ အမြတ်များရရှိ

၂၀၂၃ ခုနှစ်တွင် ဒူးရင်းနှင့် ကော်ဖီတို့၏ စံချိန်တင်ဈေးနှုန်းများကြောင့် အလယ်ပိုင်းကုန်းမြင့်နှင့် မဲခေါင်မြစ်ဝကျွန်းပေါ် ဒေသရှိ တောင်သူများ အမြတ်အစွန်းများ သိသိသာသာ ပိုမိုရရှိခဲ့ကြသည်။ မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသ Can Tho မှ ခြံပိုင်ရှင် Thoai က ဒူးရင်းခြံများသည် ယခင်နှစ်က အသီးအထွက်များခဲ့ခြင်းမျိုး ယခင်ကတစ်ခါမှ မရရှိဖူးကြောင်းပြောကြားသည်။

ဒူးရင်းသီးဈေးနှုန်းသည် အထွက်အများဆုံးရာသီတွင်ပင်လျှင် မြင့်မားနေခဲ့ပြီး တစ်ကီလိုလျှင် ဒေါင် ၁၄၀,၀၀၀ အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၃ အထိ မြင့်တက်နေခဲ့သည်။ ဆယ်စုနှစ်တစ်ခုကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် ဒူးရင်းသီး ရောင်းရငွေမှ ဒေါင်ဘီလီယံချီ အမြတ်ကို Thoai ရရှိခဲ့သည်။ မြင့်မားသော ဝယ်လိုအားသည် ယခုနှစ်အထိ ဆက်ရှိနေဆဲဖြစ်သည်။

ဖေဖော်ဝါရီ ၈ ရက်မှ ၁၄ ရက်အထိ ကြာမြင့်သည့် ယခုနှစ် နှစ်သစ်ကူးအားလပ်ရက်များမတိုင်ခင်တွင် မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသရှိ ဒူးရင်းခြံအများအပြားတို့သည် တရုတ်နိုင်ငံသို့တင်ပို့ရန်အတွက် ရာသီချိန်လွန် ဒူးရင်းသီးများကို ဆွတ်ခူး ရောင်းချခဲ့ကြသည်။ တရုတ်နိုင်ငံမှာ နှစ်သစ်ကူးတွင် ဒူးရင်းသီး လက်ဆောင်ပေးခြင်း၊ ဒူးရင်းသီးဖြင့် ညည့်ခံကျွေးမွေးခြင်းတို့ကြောင့် ဝယ်လိုအားမြင့်တက်နေခဲ့သည်။ ၅ ကီလိုဂရမ် ဒူးရင်းသီးများကို ဒေါင် ၁ သန်း ဒေါ်လာ ၄၁ ဖြင့် ရောင်းချကြသည်။

မဲခေါင်မြစ်ဝကျွန်းပေါ်ဒေသတွင်သာမက အလယ်ပိုင်းကုန်းမြင့်ဒေသရှိ ဒူးရင်းခြံများမှာလည်း ပြီးခဲ့သည့်နှစ်က အမြတ်အစွန်းများစွာရခဲ့သည်။ အလယ်ပိုင်းကုန်းမြင့်ဒေသ၏ Dak Lak ပြည်နယ်ရှိ ဒူးရင်းခြံပိုင်ရှင် Cuong သည် ဒူးရင်းသီး ဟက်တာ ၄၀ ကို ရိတ်သိမ်းပြီးနောက် ဒေါင် ၁၂၀ ဘီလီယံ ရရှိကြောင်း ပြောကြားသည်။

ဗီယက်နမ် ဒူးရင်းသီးများအတွက် တရုတ်နိုင်ငံသည် အကြီးဆုံးဈေးကွက်ဖြစ်သည်။ ယမန်နှစ်က တရုတ်နိုင်ငံသို့ ဒူးရင်းသီး ကန်ဒေါ်လာ ၂ ဘီလီယံကျော်ဖိုး တင်ပို့ခဲ့သည်။ ဗီယက်နမ်နိုင်ငံသည် ရာသီလွန်ချိန်တွင်လည်း ဒူးရင်းသီး ရရှိသည့် တစ်ခုတည်းသောနိုင်ငံဖြစ်သောကြောင့် ဗီယက်နမ်ဒူးရင်းသီးများ ဈေးနှုန်းကြီးမြင့်နေလျှင်လည်း တရုတ်ကဆက်လက်ဝယ်ယူနေပါသည်။ နောက်ထပ် စိုက်ပျိုးရေး ထုတ်ကုန်ဖြစ်သော ကော်ဖီသည်လည်း ယမန်နှစ်က ဈေးကောင်းရခဲ့သည်။ အလယ်ပိုင်း ကုန်းမြင့်ဒေသ ပြည်နယ် Kon Tum မှ Hoa က သူမ၏ မိသားစုသည် ၂၀၂၃ ခုနှစ်တွင် ကော်ဖီစေ့ ခုနစ်တန် ဆွတ်ခူးခဲ့ကြောင်း ပြောကြားသည်။

အမြင့်ဆုံး ရရှိခဲ့သည့် ရောင်းဈေးမှာ တစ်တန်လျှင် ဒေါင် ၇၆ သန်းဖြစ်ပြီး သူမ၏မိသားစုသည် ယမန်နှစ်က ဒေါင် သန်း ၅၃၀ ကျော် ရရှိခဲ့သည်။ ကုန်ကျစရိတ်များ နုတ်ပယ်ပြီးသောအခါ ဒေါင် သန်း ၂၀၀ ကျော် အမြတ်ကျန်သည်။ ယခုလို အမြတ်မျိုး ယခင်က တစ်ခါမှ မရခဲ့ဖူးကြောင်း သူမကပြောကြားသည်။ Source vnexpress

Source: https://www.foodindustrydirectory.com.mm/food-industry/fruits-vegetables/item/7493-vietnam.html

# ပြည်တွင်းကုန်သွယ်မှုသတင်း

## မွန်ပြည်နယ်အတွင်း ဝဥများ အဆင့်မြှင့်တင် စိုက်ပျိုးထုတ်လုပ်နိုင်ရေး ဆွေးနွေး

မွန်ပြည်နယ်အတွင်း ဝဥများအား အဆင့်မြှင့်တင်ကာ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းများ ဆောင်ရွက်နိုင်ရန် မွန်ပြည်နယ် အစိုးရအဖွဲ့နှင့် Mon AgroTech Co.,Ltd တို့ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း မွန်ပြည်နယ်အစိုးရအဖွဲ့မှသိရသည်။ ယင်းအစည်း အဝေးကို ဖေဖော်ဝါရီ (၂၆)ရက်၊ မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး၊ အောင်ဆန်း ခန်းမ၌ ကျင်းပပြုလုပ်ရာ မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်ပြည်နယ်အတွင်း ပြည်ပဈေးကွက် အလားအလာရှိပြီး စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက်လည်း အကျိုး အမြတ်ရှိတဲ့ ဝဥသီးနှံစိုက်ပျိုးထုတ်လုပ်မှုကို အဖက်ဖက်မှကူညီထောက်ပံ့ဆောင်ရွက်ပေးလျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် က ပြောကြားသည်။

ထို့ပြင် တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေး ဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့ဒေသနှင့် ကိုက်ညီသည့်ထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ကြရန် လိုကြောင်းလည်း ဝန်ကြီးချုပ်က ဆက်လက်ပြောကြားသည်။

ပြည်ပသွင်းကုန်ပမာဏကို လျှော့ချပြီး ပြည်တွင်းထုတ်ကုန်ပမာဏကို တိုးမြှင့်ဖို့လိုအပ်သလို ထွက်ရှိလာတဲ့ ဒေသ ထွက်ကုန်ပစ္စည်းများကို အရည်အသွေးကောင်းမွန်စွာဖြင့် ဒေသတွင်းဈေးကွက်မှာလည်း ဈေးသက်သက်သာသာ ဖြန့်ဖြူး

ရောင်းချနိုင်ရန်ပြည်တွင်း၌သာမက ပြည်ပဈေးကွက်အထိထိုးဖောက်နိုင်အောင်ကြိုးစားကြရမည်ဖြစ်ကြောင်းလည်း ဝန်ကြီးချုပ်က ဆိုသည်။

ပြည်နယ်၏ အမည်သစ်သီးနှံ၀၃ စိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများအားပေးခြင်းဖြင့် ၀၃ သီးနှံစိုက်ပျိုး ထုတ်လုပ်မှုဖွံ့ဖြိုး တိုးတက်ရေးနှင့် တန်ဖိုးမြင့်ထုတ်ကုန် ထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။ ထို့နောက် Mon AgroTech Co.,Ltd တာဝန်ရှိသူက မွန်ပြည်နယ်အတွင်း အဆင့်မြင့်၀၃များ စိုက်ပျိုးခြင်း၊ ထုတ်လုပ်ခြင်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ တက်ရောက်လာသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြခဲ့ကြပြီး ပြည်နယ် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဝိုင်းဝန်းအကြံပြုဆွေးနွေးတင်ပြခဲ့ကြရာ ပြည်နယ်ဝန်ကြီးချုပ်ကလိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ Source: https://www.popularmyanmar.com/?p=150132

## မြန်မာနိုင်ငံသားများ ပြည်ပသို့ ထွက်ခွာရာတွင်သုံးမည့် အသေးသုံး နိုင်ငံခြားငွေ ငွေသားကို လေဆိပ်ကောင်တာများအပြင် ပြင်ပရှိ ဘဏ်ကောင်တာများတွင်လည်း ဝယ်ယူနိုင်ကြောင်း ဗဟိုဘဏ်က အသိပေး

မြန်မာနိုင်ငံသားများ ပြည်ပသို့ထွက်ခွာရာတွင် သုံးမည့် အသေးသုံး နိုင်ငံခြားငွေ ငွေသားကို လေဆိပ်ကောင်တာများ အပြင် ပြင်ပရှိဘဏ်ကောင်တာများတွင်လည်း ဝယ်ယူနိုင်ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

မြန်မာနိုင်ငံသားများ အနေဖြင့် ပြည်ပသို့ထွက်ခွာရာတွင် နိုင်ငံတကာ ငွေပေးချေမှု ကတ်များ(Debit Card နှင့် Credit Card)အပြင် အသေးသုံးနိုင်ငံခြားငွေငွေသား ဆောင်ယူသွားနိုင်ရေး ဈေးကွက်အတွင်းလွယ်ကူစွာဝယ်ယူနိုင်ရန်နှင့် တရားမဝင် ငွေလဲလှယ်နေသူများက ဈေးကစားခြင်းကို ထိန်းသိမ်းရန်တို့ကို ရည်ရွယ်၍ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်(သို့မဟုတ်) AD လိုင်စင်ရဘဏ်များ၏ Money Changer ကောင်တာများတွင် ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူ၊ ဆေးကုသရန် သွားရောက်မည့်သူနှင့် ပညာသင်သွားရောက်မည့်သူများအား ၂၀၂၃ ခုနှစ် မေလ ၃၁ ရက်နေ့မှစတင်၍လည်းကောင်း၊ ပြည်ပသို့ ထွက်ခွာမည့်သူများအနက် ဘုရားဖူးထွက်ခွာသူများ၊ ပြည်ပနိုင်ငံအစိုးရနှင့်အသင်းအဖွဲ့များ၏ဖိတ်ကြားချက်အရ အစည်းအဝေး တတ်ရောက်ရန် ထွက်ခွာသူများအား ဩဂုတ်လ ၁၈ ရက်နေ့မှစတင်၍လည်းကောင်းတစ်ဦးလျှင် နိုင်ငံခြားငွေ ငွေသား အမေရိကန်ဒေါ်လာ ၃၀၀ မှ ၅၀၀ ခန့် (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ ငွေသား ) ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ပြည်ပသို့အမှန်တစ်ကယ်ထွက်ခွာမည့်သူများအား အဆင်ပြေလွယ်ကူစွာ ရောင်းချပေးနိုင်ရေးအတွက် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်(ဆိုက်ရောက်)ရှိ ဘဏ်ကောင်တာ သုံးခုတွင် AD လိုင်စင်ရဘဏ်များ (CB Bank PCL ၊ ကမ္ဘောဇဘဏ်၊ AYA Bank PCL ၊ UAB Bank လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ ရိုးမဘဏ်လီမိတက်မှ) နေ့စဉ် အလှည့်ကျရောင်းချ ပေးလျက်ရှိသည်။

ယခုအခါ လေဆိပ်ကောင်တာများအပြင် အသေးသုံးနိုင်ငံခြားငွေ ငွေသားရောင်းချပေးသည့် အစီအစဉ်အရ ဝယ်ယူ ရရှိနိုင်သည့် ဘဏ်ကောင်တာများမှာ CB Bank PCL၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ အင်းဝ ဘဏ်လီမိတက်၊ အာရှစိမ်းလန်းဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ AYA Bank PCL ၊ UAB Bank လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ် လီမိတက်၊ ရိုးမဘဏ်လီမိတက်၊ မြန်မာနိုင်ငံသားများ ဘဏ်လီမိတက်၊ ကမ္ဘာ့ရတနာဘဏ်လီမိတက်နှင့် ဧရာဝတီတောင်သူ လယ်သမားများဖွံ့ဖြိုးရေး ဘဏ်လီမိတက် ဘဏ်များတွင်လည်းဝယ်ယူနိုင်ကြောင်း ဗဟိုဘဏ်ကထုတ်ပြန်ထားသည်။

Source:https://news-eleven.com/article/288853

# ပြည်ပကုန်သွယ်မှုသတင်း

## ရွှေဘိုသနပ်ခါးများ ထိုင်းနိုင်ငံမှ မှာယူမှုများရှိနေ

မြန်မာနိုင်ငံမှ ထွက်ရှိသည့် ရွှေဘိုသနပ်ခါးများကို ပြည်တွင်းဈေးကွက်၌ ရောင်းအားတက်နေသည့်အပြင် ထိုင်းနိုင်ငံ မှလည်း မှာယူမှုများရှိနေကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ အဆိုပါ ရွှေဘိုသနပ်ခါးများကို ရန်ကုန်နှင့် ဧရာဝတီ တိုင်းဒေသကြီးမှ အများဆုံးဝယ်ယူပြီး ဈေးနှုန်းအနေဖြင့် အရွယ်အစားပေါ်မူတည်၍ ကွဲပြားကြောင်း သိရသည်။

သနပ်ခါးပင်ကို သီရိလင်္ကာနိုင်ငံ၊ အိန္ဒိယနိုင်ငံ အနောက်ပိုင်း၊ ထိုင်းနိုင်ငံ၊ ပါကစ္စတန်နှင့် မြန်မာနိုင်ငံ အလယ်ပိုင်း အညာဒေသတို့တွင် တွေ့ရှိရကြောင်း စစ်တမ်းများအရ သိရသည်။

သနပ်ခါးသည် အပူပိုင်းဒေသများတွင် ဖြစ်ထွန်းအောင်မြင်သည့် အပင်အမျိုးအစားဖြစ်သဖြင့် မြန်မာနိုင်ငံ၏ အပူပိုင်း ဒေသများဖြစ်သည့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိ ဒေသများတွင် စီးပွားဖြစ် စိုက်ပျိုးကြရုံတင်မက အိမ်ခြံဝင်းအတွင်းတွင်လည်း စိုက်ပျိုးလေ့ရှိကြကြောင်းသိရသည်။ သနပ်ခါးပင်သည် နှစ်ရှည်ပင်ဖြစ်ပြီး သက်တမ်းအားဖြင့် (၃၅) နှစ်ဝန်းကျင်ရှိကာ သက်တမ်းရင့်လာသည်နှင့်အမျှ သနပ်ခါးပင်၏ အရည်အသွေးလည်း ပိုမိုကောင်း မွန်လာကြောင်း သိရသည်။

မြန်မာ့ရိုးရာသနပ်ခါးပင်များကို မြန်မာနိုင်ငံအနှံ့အပြားတွင်တွေ့ရသော်လည်းပူပြင်းခြောက်သွေ့သည့် မြန်မာပြည်အလယ်ပိုင်း အညာဒေသများတွင် ပို၍ဖြစ်ထွန်းကြောင်း၊ မြန်မာ့သနပ်ခါး အများစုစိုက်ပျိုးသည့် မြို့များမှာ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ရှင်မတောင်၊ အရာတော်၊ ရွှေဘို၊ ဘုတလင်၊ ယင်းမာပင်၊ မုံရွာ၊ မြင်းမူ၊ ပေါက် မြို့တို့ဖြစ်ကြောင်း သိရသည်။

Source: https://www.popularmyanmar.com/?p=150144

## ကျိုက်မရောဒေသထွက် ရေ်ဘာပြားများ အရည်အသွေးကောင်းမွန်၍ တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့တင်ပို့လျက်ရှိ

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် စိုက်ပျိုးရေးကို အခြေခံသော စီးပွားရေးထုတ်ကုန်တစ်ခုဖြစ်သည့် ရော်ဘာပြားများကို စက်မှုကုန်ချောထုတ်လုပ်ပြီး ဒေသစီးပွားရေးအထောက်အကူပြုနေသည့် သန့်စင်ပြီး ရော်ဘာပြားများကို အရည်အသွေးကောင်းမွန်သဖြင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့ကို တင်ပို့ရောင်းချလျက် ရှိကြောင်း သိရသည်။

ကျိုက်မရောမြို့နယ်၌ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) ရော်ဘာလုပ်ငန်းကို အဓိကလုပ်ကိုင်သူများအနက် ရာပြည့်ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ဦးဇော်ထူးက ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ်ကစတင်လုပ်ကိုင်ခဲ့ပြီး မုဒုံ၊ ပိန်းနဲကုန်း၊ ကျိုက်မရော စသည့် နေရာသုံးခုတွင် ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းဒိုင်များဖွင့်လှစ်ထားပြီး ဒေသထွက်ရော်ဘာကုန်ကြမ်းများကို ဝယ်ယူဖြန့်ဖြူးနေကြောင်း၊ ယခုနှစ်တွင် ရော်ဘာဈေးကွက်မှာ ယခင်နှစ်ကထက် ပိုမိုမြင့်တက်လာသဖြင့် ဒေသထွက်ရော်ဘာပြားများ ဝယ်လိုအားကောင်း၍ ဈေးကောင်းရကာ သန့်စင်ပြီး ရော်ဘာတစ်ပြားလျှင် ကျပ် ၆,၀၀၀ မှ ၇,၀၀၀ အထိရကြောင်း၊ ပေါင်နှင့်ဆိုလျှင် တစ်ပေါင်ကို ကျပ် ၁,၈၀၀ ခန့်ရရှိကြောင်း ပြောကြားသည်။

အဆိုပါရော်ဘာပြားများကို ဖြန့်ချိမှုအနေဖြင့် ရန်ကုန်မြို့ရှိ ဒိုင်များသို့ တင်ပို့ရောင်းချပြီး ကုန်သည်များ မှာယူသည့် ရော်ဘာပေါင်ချိန်အတိုင်း ထုပ်ပိုးရောင်းချခြင်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် ၎င်းတို့မှ တစ်ဆင့် တရုတ်နိုင်ငံနှင့် မလေးရှားနိုင်ငံတို့သို့ ဖြန့်ဖြူးပေးလျက်ရှိကြောင်း ရာပြည့်ရော်ဘာရောင်းဝယ်ရေးလုပ်ငန်းမှ လုပ်ငန်းရှင်တစ်ဦး၏ ပြောပြချက် အရသိရသည်။

ကျိုက်မရောမြို့နယ်အတွင်းရှိ ရော်ဘာခြံငယ်များမှ ထွက်ရှိသည့် အရည်အသွေးစံချိန်မီ ရော်ဘာပြားများကို အခြေခံပြီး လူသုံးကုန်ပစ္စည်း ကုန်ချောထုတ်လုပ်နိုင်ပါက စီးပွားရေးပိုမိုမြင့်မားကာ ရော်ဘာအခြေခံ (MSME) လုပ်ငန်းကဏ္ဍ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

Source: မြန်မာ့အလင်းသတင်းစာ

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း (၁၅) ကြိမ်မြောက် ဗီယက်နမ်နိုင်ငံတကာ ပရိဘောဂနှင့် အိမ်အသုံးအဆောင်ပစ္စည်းများပြပွဲ အခမ်းအနားသို့ တက်ရောက်

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးမင်းမင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့ရှိ SKY EXPO ဗီယက်နမ်နိုင်ငံတကာပြပွဲဗဟိုဌာန၌ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှ ၂၉ ရက် နေ့အထိ ကျင်းပပြုလုပ်မည့် (၁၅) ကြိမ်မြောက် ဗီယက်နမ် နိုင်ငံတကာပရိဘောဂနှင့် အိမ်အသုံးအဆောင်ပစ္စည်းများပြပွဲ အခမ်းအနားသို့တက်ရောက်ရန် ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်နေ့ (၁၆:၄၀) နာရီအချိန်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှထွက်ခွာခဲ့သည်။

အဆိုပါပြပွဲသည် နိုင်ငံတကာမှပရိဘောဂပစ္စည်းများနှင့် အိမ်အလှဆင်ပစ္စည်းများ ထုတ်လုပ်သူ၊ ရောင်းချသူ၊ ဝယ်ယူသူအစရှိသည့် စီးပွားရေးလုပ်ငန်းရှင်များအကြား ပူးပေါင်းဆောင်ရွက်နိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များအကြား တိုက်ရိုက်တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ပြီး စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အခွင့်အလမ်းကောင်းများရရှိကာ မြန်မာ့ပရိဘောဂထုတ်ကုန်ပစ္စည်းများကို နိုင်ငံတကာဈေးကွက်သို့ ပိုမိုချဲ့ထွင်တင်ပို့နိုင်ပြီး ကုန်သွယ်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်နိုင်မည်ဖြစ်သည်။ ကုန်စည်ပြပွဲသို့ တက်ရောက်ပြီးနောက် ဗီယက်နမ်နိုင်ငံရှိ အုန်းသီးစိုက်ပျိုး ထုတ်လုပ်တင်ပို့မှုအခြေအနေများအားလေ့လာကာ စိုက်ပျိုးထုတ်လုပ်မှု နည်းပညာဆိုင်ရာကိစ္စများ ဆွေးနွေးသွားမည်ဖြစ်သည်။

အဆိုပါခရီးစဉ်သို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးနှင့် မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံသစ်သီးဝလံပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုးထုတ်လုပ်တင်ပို့ ရောင်းချသူများအသင်း ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံအုန်းသီးစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း ဥက္ကဋ္ဌနှင့် အသင်းဝင်လုပ်ငန်းရှင်များ လိုက်ပါသွားကြကြောင်း သိရသည်။

Source: https://www.commerce.gov.mm/my/article/

## အထူးဆောင်းပါးများ

## ဖိလစ်ပိုင်နှင့်ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုနှင့် ခရီးသွားလုပ်ငန်းကဏ္ဍ တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့

သြစတြေးလျနိုင်ငံ၊ မဲလ်ဘုန်းမြို့တွင်ကျင်းပပြုလုပ်လျက်ရှိသည့် Special Summit to Commenmorate the 50th Anniversary of ASEAN-Australia Dialogue သို့ တက်ရောက်နေသော ဖိလစ်ပိုင်သမ္မတမားကို့စ်နှင့် ကမ္ဘောဒီးယား ဝန်ကြီးချုပ် ဟွန်မာနက်တို့ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပြ၍ ဖိလစ်ပိုင်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ဆန်ကုန်သွယ်မှုနှင့် ခရီးသွား လုပ်ငန်းကဏ္ဍတို့အား တိုးမြှင့်ဆောင်ရွက်သွားရန် သဘောတူညီခဲ့ကြပြီး လက်ရှိကြုံတွေ့နေရသည့် အယ်နီညို၏ သက်ရောက်မှု များကြား ဆန်တိုးမြှင့်ထုတ်လုပ်နိုင်မည့် နည်းလမ်းများကို ရှာဖွေသွားရန်လည်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ကမ္ဘောဒီးယားနိုင်ငံနှင့် စိုက်ပျိုးရေးထွက်ကုန်ပစ္စည်းများ၊ အထူးသဖြင့် ဆန်ကုန်သွယ်မှုအား တိုးမြှင့်လိုသည်ဟုသမ္မတမားကို့စ်မှပြောကြားခဲ့ကြောင်း၊ အချို့သော နားလည်မှုစာချွန်လွှာများသည် သက်တမ်းကုန်ဆုံးပြီဖြစ် သဖြင့် ပြန်လည်အသက်သွင်းရန် လိုအပ်လျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကပ်ရောဂါကာလကကြုံတွေ့ခဲ့ရသည့် သင်ခန်းစာများ အပေါ်အခြေခံ၍ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် ဆန်တင်ပို့ရောင်းချနိုင်မည့်သူများ၊ သင့်တော်သည့်နည်းလမ်းများကို ရှာဖွေလျက်ရှိ ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည် စပါးထွက်ရှိမှုနှုန်း မြင့်တက်ခဲ့သော်လည်း သမ္မတအနေဖြင့် ပြည်တွင်းဆန်ရိက္ခာဖူလုံရန်အတွက် ဆန်တင်သွင်းမှုသည်လည်း လိုအပ်သောကြောင့် အလေးပေးဆောင်ရွက်လျက်ရှိကြောင်း၊ တွေ့ဆုံမှုနှင့်စပ်လျဉ်း၍ သမ္မတမား ကို့စ်၏ ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင်ဖော်ပြခဲ့ပြီး နှစ်နိုင်ငံကြား ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စတို့ကိုလည်း ပူးပေါင်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ရေးသားခဲ့သည်။

နောက်ထပ်ထပ်မံတိုးမြှင့်ဆောင်ရွက်သွားလိုသည့်ကဏ္ဍမှာ ခရီးသွားလုပ်ငန်းကဏ္ဍဖြစ်ပြီး လေကြောင်းလိုင်းများလည်း တိုးချဲ့သွားလိုကြောင်း၊ ကမ္ဘောဒီးယားဝန်ကြီးချုပ်မှဆွေးနွေးရာတွင် နှစ်နိုင်ငံကြား ခရီးသွားဧည့်သည်များ တိုးမြှင့်လာစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ကမ္ဘောဒီးယားမှ ဖိလစ်ပိုင်နိုင်ငံ၊ မနီလာမြို့သို့ လေကြောင်းဖြင့် ၅ ကြိမ် ပြေးဆွဲ လျက်ရှိပြီ ထပ်မံ၍ စီဘူး (Cebu) မြို့သို့လည်း လေကြောင်းလိုင်း တိုးမြှင့်ပြေးဆွဲလိုပါကြောင်း၊ ကမ္ဘောဒီးယားနိုင်ငံ၊ ဆီရမ်ရိမြို့ တွင် မကြာသေးမီက လေဆိပ်ဖွင့်လှစ်ထားရှိပြီး လာမည့်နှစ်တွင် ဖနွမ်းပင်းမြို့တွင် နောက်ထပ် လေဆိပ်တစ်ခုအား တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံသည်လည်း နီနွိုင်းအကွီနို နိုင်ငံတကာလေဆိပ်အား ခေတ်မီဆန်းသစ်စေရန်အတွက် ပြင်ဆင်မှုများ ဆောင်ရွက်ရန် စာချုပ်ချုပ်ဆိုပြီးဖြစ်ပြီး ကမ္ဘာလှည့်ခရီးသွားများအား ပိုမိုဆွဲဆောင်နိုင်စေရန်ဖြစ်ကြောင်း၊ ပြည်တွင်းလေဆိပ် များနှင့် ပြည်တွင်းလေကြောင်းလိုင်းများကိုလည်း ယခုထက်တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ မိမိအပါအဝင် ဖိလစ်ပိုင်နိုင်ငံသား များမှာလည်း ကမ္ဘောဒီးယားသို့လာရောက်လည်ပတ်ရန် စိတ်ဝင်စားလျက်ရှိသည်မှာသေချာကြောင်း သမ္မတမားကို့စ်မှ ဆွေးနွေး ပြောကြားခဲ့သည်။ ထို့နောက် နှစ်နိုင်ငံကြားခရီးသွားလုပ်ငန်းကဏ္ဍ၊ ခရီးသွားဧည့်သည်များ လဲလှယ်သွားလာမှုများ တိုးမြှင့်သွား ရန် ကြိုဆိုကြောင်းပြောကြားခဲ့သည်။ သမ္မတမားကို့စ်အနေဖြင့် မဲလ်ဘုန်းမြို့တွင် ၂၀၂၄ ခုနှစ်၊ မတ်လ ၄ ရက်နေ့မှ ၆ ရက်နေ့ထိ ဆက်လက်ရှိနေမည်ဖြစ်ကြောင်း ရေးသားဖော်ပြထားသည်။

ဖိလစ်ပိုင်နိုင်ငံသို့ လက်ရှိဆန်တင်ပို့လျက်ရှိသည့်နိုင်ငံများမှာ ဗီယက်နမ်၊ ထိုင်း၊ မြန်မာ၊ ပါကစ္စတန်၊ အိန္ဒိယ၊ ကမ္ဘောဒီးယား၊ တရုတ်၊ ဂျပန်၊ ထိုင်ဝမ် တို့ဖြစ်သည်။ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလမှ ဒီဇင်ဘာလအထိတင်ပို့မှုအများဆုံးမှာ ဗီယက်နမ်ဖြစ်ပြီး ဆန်တန်ချိန် ၂,၉၉၀,၃၉၂.၉၅ မက်ထရစ်တန် တင်ပို့ခဲ့ကြောင်း၊ ဒုတိယ တင်ပို့မှုအများဆုံးမှာ ထိုင်းနိုင်ငံဖြစ်ပြီး ၃၄၅,၂၉၄.၁၀ မက်ထရစ်တန် နှင့် တတိယအများဆုံးမှာ မြန်မာနိုင်ငံဖြစ်ပြီး ၁၅၁,၁၈၃.၀၀ မက်ထရစ်တန် တင်ပို့နိုင်ခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံသည့် ဆဋ္ဌမမြောက်နေရာတွင် ရပ်တည် လျက်ရှိပြီး ဆန်တန်ချိန် ၃,၆၁၅ မက်ထရစ်တန်တင်ပို့ခဲ့သည်။ (၂၂-၂-၂၀၂၄ ရက်စွဲပါ ဖိလစ်ပိုင်စိုက်ပျိုးရေး ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်)

သမ္မတမားကို့စ်အနေဖြင့် အယ်နီညိုသက်ရောက်မှု၊ ကမ္ဘာ့ဆန်ဈေးနှုန်းများ မြင့်တက်လာမှု၊ ပထဝီနိုင်ငံရေးအခြေအနေ များကြောင့် ပြည်တွင်းဆန်ရိက္ခာဖူလုံမှုအား ထိခိုက်မှုမရှိစေရန်နှင့် ဆန်ဈေးနှုန်း တည်ငြိမ် စေရန်တို့အတွက် ဗီယက်နမ်နိုင်ငံနှင့် ဆန်တင်သွင်းမှု (၅) နှစ် သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ကြောင်းနှင့် ယခုကမ္ဘောဒီးယားနိုင်ငံနှင့် ဆွေးနွေးညှိနှိုင်းခြင်းဖြစ် ကြောင်းသိရသည်။

Source;[https://mb.com.ph/2024/3/3/marcos-cambodia-pm-agree-to-boost-rice-trade-tourism-ties-in-bilateral-meeting](https://mb.com.ph/2024/3/3/marcos-cambodia-pm-agree-to-boost-rice-trade-tourism-ties-in-bilateral-meeting), (စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: [https://myantrade.gov.mm/article/Naypyitawstp_050320241227](https://myantrade.gov.mm/article/Naypyitawstp_050320241227)

## တရုတ်နိုင်ငံသည် စားသုံးမှုနှင့် ကုန်သွယ်မှုကို တွန်းအားပေးရန်အတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို ပိုမိုမြန်ဆန်စေရန်ဆောင်ရွက်လျက်ရှိ

တရုတ်နိုင်ငံသည် ပြည်တွင်းစားသုံးမှုနှင့် ပြည်ပကုန်သွယ်မှုနှစ်ရပ်စလုံးကို မြှင့်တင်နိုင်ရန်အတွက် ပိုမို ကောင်းမွန်သော အခြေအနေများကို ဖန်တီးလျက်ရှိရာ တရုတ်နိုင်ငံ၏ အကောက်ခွန်အာဏာပိုင်များသည် ပြည်ပမှတင်သွင်းလာသည့် ကုန်ပစ္စည်းများအတွက် အကောက်ခွန်ရှင်းလင်းရေးလုပ်ငန်းများကို မြန်ဆန်ချောမွေ့စေရန် ဆန်းသစ်သော အစီအမံများစွာကို အကောင်အထည်ဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ဆောင်ချက်များသည် ပြည်သူများ၏ ဝယ်လိုအားကို မြှင့်တင်ပေးရုံသာမက တရုတ်နိုင်ငံ၏ စီးပွားရေးကို စဉ်ဆက်မပြတ် ပြန်လည်နာလန်ထူလာစေရန် သိသာထင်ရှားသော တွန်းအားကိုလည်းဖြစ်စေသည်ဟု အကောက်ခွန်အရာရှိများက ပြောကြားခဲ့ကြောင်း သိရသည်။

ဥပမာအားဖြင့် နွေဦးပွဲတော်ကာလတွင် ဈေးကွက်၌ရောင်းလိုအားပြတ်လပ်မှုမရှိစေရန်အတွက် ပေကျင်းမြို့တော် အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိအကောက်ခွန်စစ်ဆေးရေးနေရာ၌ ညအချိန်နှင့် စနေ၊ တနင်္ဂနွေနေ့များတွင်အရေးပေါ်စီမံ ဆောင်ရွက်ရေးဝန်ဆောင်မှုကို ပံ့ပိုးပေးထားပြီး ပင်လယ်စာ၊ သစ်သီးဝလံနှင့်ပန်းများ အပါအဝင် လတ်ဆတ်သောကုန်ပစ္စည်းများကို အချိန်နှင့်တစ်ပြေးညီ အကောက်ခွန်ရှင်းလင်းနိုင်ရန်အတွက် (၂၄) နာရီ ပံ့ပိုးကူညီ ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

အလားတူ ပေကျင်းမြို့ရှိ Daxing အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အကောက်ခွန်အာဏာပိုင်များသည် "one-to-one" လုပ်ငန်းစဉ်ကိုအကောင်အထည်ဖော်ခဲ့ပြီး တင်သွင်းသူများနှင့်တက်ကြွစွာညှိနှိုင်းဆောင်ရွက်ကာ ပိုးမွှားစစ်ဆေးမှုကြီးကြပ်ရေး အစီအမံများချမှတ်ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

အဆိုပါလေဆိပ်နှစ်ခုမှတစ်ဆင့် နိုင်ငံ၏မြို့တော်သို့ ဝင်ရောက်လာသော လတ်ဆတ်သောထုတ်ကုန်များသည် ပေကျင်း မြို့ရှိ ဈေးကွက်လိုအပ်ချက်အား ဖြည့်ဆည်းပေးသည့်အပြင် ပေကျင်း-ထန်ကျင်း-ဟဲပေဒေသများအတွင်းရှိ မြို့ကြီးများသို့ လည်း ဖြန့်ဖြူးပေးလျက်ရှိကြောင်း Beijing Daxing အပြည်ပြည်ဆိုင်ရာ လေဆိပ်အကောက်ခွန်ဌာနမှ လက်ထောက်အကြီး အကဲ Yin Haifeng က ပြောကြားခဲ့သည်ဟုသိရသည်။

ပေကျင်းအကောက်ခွန်ဌာန၏ အချက်အလက်များအရ ပေကျင်း၏ နိုင်ငံခြားကုန်သွယ်မှုတန်ဖိုးသည် ၂၀၂၃ ခုနှစ်တွင် ယွမ် (၃ ဒသမ ၆၅) ထရီလီယံ (အမေရိကန်ဒေါ်လာ ၅၀၇ ဒသမ ၃၇ ဘီလီယံ) သို့ရောက်ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (သုည ဒသမ ၃) ရာခိုင်နှုန်းတိုးတက်ခဲ့ကြောင်း၊ သွင်းကုန်သည် ယွမ် (၃ ဒသမ ၀၅) ထရီလီယံရှိ၍ ယခင်နှစ်ကဲ့သို့ပင်ဖြစ်ပြီး ပို့ကုန်သည် ယွမ်ငွေ (၆၀၀ ဒသမ ၀၁) ဘီလီယံ ရှိခဲ့ပြီး ယခင်နှစ်ကထက် (၂) ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းတွင် ပေကျင်း-ထန်ကျင်း-ဟဲပေဒေသ၏ သွင်းကုန်နှင့်ပို့ကုန်ပမာဏသည် ယွမ် (၅ ဒသမ ၀၃) ထရီလီယံ အထိရောက်ရှိခဲ့ပြီး သုံးနှစ်ဆက်တိုက် အပြုသဘောဆောင်သောတိုးတက်မှုကိုရရှိခဲ့ကြောင်း၊ အဆိုပါဒေသ၏ သွင်းကုန်ပမာဏ သည် နိုင်ငံ၏စုစုပေါင်းသွင်းကုန်တန်ဖိုး၏ (၂၀) ရာခိုင်နှုန်းရှိကြောင်းသိရသည်။

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်တွင် ဖေဖော်ဝါရီ (၁၀) ရက်နေ့မှ (၁၇) ရက်နေ့အထိ နွေဦးပွဲတော် အားလပ်ရက်အတွင်း တရုတ်-လာအိုရထားလမ်းမှတစ်ဆင့် ယွမ် (၃၄၅) သန်းတန်ဖိုးရှိ ကုန်ပစ္စည်းတန်ချိန် (၁၃၀,၀၀၀) ကို တင်ပို့တင်သွင်းခဲ့ကြောင်း ကူမင်းအကောက်ခွန်ဌာန၏ အချက်အလက်အရသိရသည်။ အဓိကအားဖြင့် သံမဏိ၊ မော်တော်ယာဉ် ပစ္စည်းများနှင့်အိမ်သုံးပစ္စည်းများကိုတင်ပို့ခဲ့ပြီး ငှက်ပျောသီး၊ ဒူးရင်းသီး၊မင်းဂွတ်သီးနှင့်သံရိုင်းများတင်သွင်းခဲ့ကြောင်းသိရသည်။

အားလုံးနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်ခြင်း၊ ရောက်ရှိလာသည့် ကုန်စည်များကို စီမံဆောင်ရွက်ပေးခြင်း၊ ရောဂါ ပိုးမွှားစစ်ဆေးရေးနှင့်အကောက်ခွန်ရှင်းလင်းရေးအတွက် ဝန်ထမ်းများကိုတာဝန်ချထားပေးခြင်း၊ ထိရောက်ပြီး တင်းကြပ်သော ကြီးကြပ်မှုကိုဆောင်ရွက်နိုင်ရန် နည်းပညာမြင့် စစ်ဆေးရေးကိရိယာများကို အပြည့်အဝအသုံးပြုခြင်းများကိုဆောင်ရွက်ခဲ့သည် ဟုကူမင်းအကောက်ခွန်လက်အောက်ရှိ Mengla အကောက်ခွန်ဌာန၏ လက်ထောက်အကြီးအကဲ Zhou Baohua က ပြောကြား ခဲ့ကြောင်းသိရသည်။ ရှစ်ရက်ကြာ အားလပ်ရက်အတွင်း တရုတ်နိုင်ငံ၏ စားသုံးမှုသည် မြင့်တက်လာခဲ့ကြောင်း ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာနကပြောကြားခဲ့ပြီး နိုင်ငံတစ်ဝှမ်းရှိ အဓိကလက်လီလုပ်ငန်းများနှင့် စားသောက်ဆိုင်များမှ ရောင်းချခဲ့ သည့် ပမာဏသည် တစ်နှစ်ထက်တစ်နှစ် (၈ ဒသမ ၅) ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရသည်။

အားလပ်ရက်အတွင်း စားသုံးသူဈေးကွက်မြင့်တက်ခြင်းသည် တရုတ်နိုင်ငံတွင် စားသုံးမှုတိုးတက်ရန်အတွက် သိသာ ထင်ရှားသော အလားအလာများရှိနေသေးသည်ကို ပြသခဲ့ကြောင်း ပေကျင်းအခြေစိုက် Chinese Academy of Social Sciences မှ သုတေသနအရာရှိဖြစ်သူ Ni Yueju မှ ပြောကြားခဲ့ကြောင်း သိရသည်။ Source: https://europe.chinadaily.com.cn/a/202402/23/WS65d7f019a31082fc043b 8ae4.html ,(စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/Naypyitawstp_040320241030

# ကုန်သွယ်မှုအခြေအနေ

## ၂၀၂၄၊ ဖေဖော်ဝါရီလ အဓိကပို့ကုန်(၁၀) မျိုး/အဓိကသွင်းကုန်(၁၀)မျိုး

တန်ဖိုး

| စဉ် | ပစ္စည်း(ပို့ကုန်) | ရေတွက်ပုံ | အရေအတွက် | တန်ဖိုး | | စဉ် | ပစ္စည်း(သွင်းကုန်) | တန်ဖိုး |
|---|---|---|---|---|---|---|---|---|
| 1 | ချုပ်ပြီးအထည် | ခုရေ | 63,160,465.779 | 304.756 | | 1 | ရေနံထွက်ပစ္စည်းများ | 360.199 |
| 2 | သဘာဝဓာတ်ငွေ့ | kg | 27,350,703.650 | 248.196 | | 2 | ချည်ထည်များ | 166.081 |
| 3 | ဆန် | မတန် | 220,049.400 | 128.016 | | 3 | စားအုန်းဆီ | 57.876 |
| 4 | ပြောင်း | မတန် | 301,779.691 | 72.860 | | 4 | ဓာတ်မြေဩဇာများ | 40.727 |
| 5 | မတ်ပဲ | မတန် | 51,334.508 | 48.978 | | 5 | စက်နှင့်စက်ပစ္စည်းများ | 36.629 |
| 6 | ရော်ဘာစိမ်း | မတန် | 33,285.745 | 45.745 | | 6 | လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးနှင့် တပ်ဆင်ရေးပစ္စည်းများ | 32.738 |
| 7 | ဆန်ကွဲ | မတန် | 93,657.400 | 40.393 | | 7 | ပလတ်စတစ်ကုန်ကြမ်း ပစ္စည်းများ | 32.656 |
| 8 | ငါး | မတန် | 38,763.601 | 39.835 | | 8 | သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ | 31.288 |
| 9 | ပဲတီစိမ်း | မတန် | 61,426.716 | 39.823 | | 9 | ဓာတုဗေဒပစ္စည်းများ | 26.500 |
| 10 | ပဲစင်းငုံ | မတန် | 27,702.948 | 28.581 | | 10 | ဆေးဝါးပစ္စည်းများ | 22.251 |

**Source: tradedata**

## ပြည်ပပို့ကုန်/သွင်းကုန် အုပ်စုအလိုက် ကာလတူနှိုင်းယှဉ်ချက်

တန်ဖိုး-ကန်ဒေါ်လာသန်းပေါင်း

| စဉ် | ပို့ကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၃-၂-၂၀၂၄)ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၃-၂-၂၀၂၄)ထိ | တိုး/ လျော့ | | စဉ် | သွင်းကုန်အုပ်စု | ၂၀၂၃-၂၀၂၄ (၂၃-၂-၂၀၂၄)ထိ (ယာယီ) | ၂၀၂၂-၂၀၂၃ (၂၃-၂-၂၀၂၄)ထိ | တိုး/ လျော့ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | လယ်ယာထွက်ပစ္စည်း | 3149.014 | 3427.527 | -278.513 | | ၁ | ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်း | 2887.692 | 3353.754 | -466.062 |
| ၂ | တိရစ္ဆာန်ထွက် | 7.121 | 19.732 | -12.611 | | ၂ | လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်း | 6923.954 | 7447.949 | -523.995 |
| ၃ | ရေထွက် | 624.473 | 676.528 | -52.055 | | ၃ | လူသုံးကုန်ပစ္စည်း | 2221.603 | 2638.904 | -417.301 |
| ၄ | သတ္တုတွင်းထွက် | 249.034 | 310.995 | -61.961 | | ၄ | CMP | 2083.673 | 2275.311 | -191.638 |
| ၅ | သစ်တောထွက် | 59.410 | 128.819 | -69.409 | | | | | | |
| ၆ | စက်မှုကုန်ချော | 8123.389 | 10090.343 | -1966.954 | | | | | | |
| ၇ | အခြား | 846.148 | 397.490 | 448.658 | | | | | | |
| | စုစုပေါင်း | **13058.589** | **15051.434** | **-1992.845** | | | စုစုပေါင်း | **14116.922** | **15715.918** | **-1598.996** |

**Source: commerce**

## ကုန်စည်ဒိုင် ဈေးနှုန်းများ

### ၂၀၂၄၊ ဖေဖော်ဝါရီလအတွင်း မြို့နယ်အလိုက် ဆန်ဈေးနှုန်း (အိတ်/ကျပ်)(၅.၃.၂၀၂၄) ထိ

| မြို့နယ် | ဆန်ကြမ်းထိပ်စပယောင်း | ပေါ်ဆန်း |
|---|---|---|
| ဖျာပုံ | - | 125000-130000 |
| မြောင်းမြ | 83000-84000 | 125000-130000 |
| ဒေးဒရဲ | 83000-84000 | 120000-125000 |
| ဝါးခယ်မ | 83000-84000 | 110000-120000 |
| ဘိုကလေး | 83000-84000 | 120000-125000 |
| မော်လမြိုင်ကျွန်း | 83000-84000 | 120000-125000 |
| လပွတ္တာ | - | 120000-125000 |
| ကျိုက်လတ် | 83000-84000 | 120000-125000 |
| ဘုရင့်နောင် | 83000-84000 | 145000-150000 (ရွှေဘို) |

**Source: MRF**

## ၂၀၂၄၊ ဖေဖော်ဝါရီလ၏ အပတ်စဉ် ရော်ဘာဈေးနှုန်း (တန်/ ဒေါ်လာ)

| No | Date | RSS-1 | RSS-2 | RSS-3 | RSS-4 | RSS-5 |
|---|---|---|---|---|---|---|
| 1 | 5.2.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |
| 2 | 13.2.2024 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 | 1250-1300 |
| 3 | 19.2.2024 | 1550-1600 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 |
| 4 | 26.2.2024 | 1500-1550 | 1450-1500 | 1400-1450 | 1350-1400 | 1300-1350 |

Source: MRPP

## ၂၀၂၄၊ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ငွေဈေး(ဒေါ်လာ)

| No | Date | Dollar | |
|---|---|---|---|
| | | နံနက် | ညနေ |
| 1 | 1.2.2024 | 3545-3550 | 3540-3545 |
| 2 | 2.2.2024 | 3540-3545 | 3535-3540 |
| 3 | 5.2.2024 | 3490-3500 | 3490-3500 |
| 4 | 6.2.2024 | 3500-3505 | 3505-3510 |
| 5 | 7.2.2024 | 3500-3510 | 3495-3500 |
| 6 | 8.2.2024 | 3520-3525 | 3515-3520 |
| 7 | 9.2.2024 | 3510-3512 | 3505-3510 |
| 8 | 13.2.2024 | 3530-3540 | 3525-3535 |
| 9 | 14.2.2024 | 3555-3565 | 3560-3570 |
| 10 | 15.2.2024 | 3570-3575 | 3575-3580 |
| 11 | 16.2.2024 | 3570-3575 | 3575-3580 |
| 12 | 19.2.2024 | 3590-3595 | 3590-3595 |
| 13 | 20.2.2024 | 3590-3595 | 3595-3600 |
| 14 | 21.2.2024 | 3610-3615 | 3600-3610 |
| 15 | 22.2.2024 | 3600-3610 | 3610-3615 |
| 16 | 23.2.2024 | 3610-3620 | 3620-3630 |
| 17 | 26.2.2024 | 3640-3650 | 3640-3645 |
| 18 | 27.2.2024 | 3640-3645 | 3630-3635 |
| 19 | 28.2.2024 | 3615-3620 | 3615-3620 |
| 20 | 29.2.2024 | 3620-3630 | 3630-3635 |

Source: e trade Myanmar

## ၂၀၂၄၊ ဖေဖော်ဝါရီလအတွင်းနေ့စဉ်ဖြစ်ပေါ်နေသော ဆန်တစ်အိတ်ဈေးနှုန်း (ကျပ်)

| စဉ် | ရက်စွဲ | ပေါ်ဆန်း(နယ်စုံ) | | | ခွံနီ(ရှယ်) | | | ဧည့်မထ | | | ငစိန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ | ထိပ်စ | လတ်စ | အောက်စ |
| 1 | 1.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 70000 | 69000 | 68000 |
| 2 | 2.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 70000 | 69000 | 68000 |
| 3 | 5.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 4 | 6.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 5 | 7.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 6 | 8.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 7 | 9.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 8 | 13.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 9 | 14.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 10 | 15.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 11 | 16.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 12 | 19.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 13 | 20.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 14 | 21.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 15 | 22.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 16 | 23.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 17 | 26.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 18 | 27.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 19 | 28.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |
| 20 | 29.2.2024 | 110000 | 105000 | 100000 | 93000 | 92000 | 91000 | 84000 | 83000 | 82000 | 72000 | 71000 | 70000 |

**Source: Myanmar Rice**

## ၂၀၂၄၊ ဖေဖော်ဝါရီလ အတွင်းဖြစ်ပေါ်ခဲ့သော မြန်မာနိုင်ငံ တရားဝင်ငွေကြေးဈေးကွက်

| No | Date | Dollar | ThaiBaht | Chinese yuan | Singapore Dollar | Indian Rupee | Japanese Yen |
|---|---|---|---|---|---|---|---|
| | | USD | THB | CNY | SGD | INR | JPY |
| 1 | 1.2.2024 | 2100.0 | 59.155 | 292.39 | 1565.8 | 25.310 | 1431.1 |
| 2 | 2.2.2024 | 2100.0 | 59.515 | 292.51 | 1572.5 | 25.344 | 1432.1 |
| 3 | 5.2.2024 | 2100.0 | 58.667 | 291.74 | 1561.3 | 25.284 | 1415 |
| 4 | 6.2.2024 | 2100.0 | 58.848 | 291.95 | 1561.0 | 25.287 | 1413.5 |
| 5 | 7.2.2024 | 2100.0 | 58.914 | 291.95 | 1562.8 | 25.304 | 1419.0 |
| 6 | 8.2.2024 | 2100.0 | 58.594 | 291.82 | 1561.0 | 25.310 | 1417.7 |
| 7 | 9.2.2024 | 2100.0 | 58.480 | 291.93 | 1560.0 | 25.289 | 1405.6 |
| 8 | 13.2.2024 | 2100.0 | 58.758 | 291.93 | 1560.5 | 25.297 | 1403.0 |
| 9 | 14.2.2024 | 2100.0 | 58.059 | 291.93 | 1555.7 | 25.28 | 1394.8 |
| 10 | 15.2.2024 | 2100.0 | 58.059 | 291.93 | 1558.6 | 25.292 | 1399.9 |
| 11 | 16.2.2024 | 2100.0 | 58.236 | 291.93 | 1559.9 | 25.295 | 1398.0 |
| 12 | 19.2.2024 | 2100.0 | 58.285 | 291.73 | 1560.4 | 25.299 | 1400.3 |
| 13 | 20.2.2024 | 2100.0 | 58.140 | 291.76 | 1561.0 | 25.325 | 1397.3 |
| 14 | 21.2.2024 | 2100.0 | 58.538 | 292.10 | 1562.2 | 25.318 | 1398.3 |
| 15 | 22.2.2024 | 2100.0 | 58.684 | 292.05 | 1566.6 | 25.326 | 1397.7 |
| 16 | 23.2.2024 | 2100.0 | 58.172 | 291.73 | 1561.7 | 25.327 | 1393.5 |
| 17 | 26.2.2024 | 2100.0 | 58.537 | 291.74 | 1562.3 | 25.339 | 1395.9 |
| 18 | 27.2.2024 | 2100.0 | 58.676 | 291.75 | 1563.3 | 25.336 | 1398.1 |
| 19 | 28.2.2024 | 2100.0 | 58.252 | 291.70 | 1560.1 | 25.326 | 1392.6 |
| 20 | 29.2.2024 | 2100.0 | 58.561 | 291.96 | 1562.3 | 25.328 | 1402.8 |

Source: Central Bank of Myanmar

## ၂၀၂၄၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | မတ်ပဲ FAQ/ RC | ပဲစင်းငုံ RC | ပဲတီစိမ်း(ပခုက္ကူ) | ပဲတီရွှေဝါ (ခရမ်း) | ကုလားပဲဖြူလုံးကြီး | ထောပတ်ပဲ |
|---|---|---|---|---|---|---|---|
| | | 2024 | 2024 | (သစ်) | (ထိပ်စ) | | |
| 1 | 1.2.2024 | 3276000 | 3831000 | 1684100-2042300 | 2703700 | 3009900-3062000 | - |
| 2 | 2.2.2024 | 3402000 | 3940000 | 1684100-2042300 | 2703700 | 3009900-3062000 | 4366300 |
| 3 | 5.2.2024 | 3500000 | 4197000 | 1733100-2042300 | 2703700 | 3009900-3062000 | 4366300 |
| 4 | 6.2.2024 | 3445000 | 4150000 | 1733100-2042300 | 2744100 | 3009900-3062000 | 4366300 |
| 5 | 7.2.2024 | 3431000 | 4105000 | 1733100-2042300 | 2744100 | 3009900-3062000 | 4366300 |
| 6 | 8.2.2024 | 3284000 | 3980000 | 1733100-2042300 | 2755800 | 3062000-3166100 | 4366300 |
| 7 | 9.2.2024 | 3300000 | 4027000 | 1733100-2042300 | 2755800 | 3009900-3062000 | 4366300 |
| 8 | 13.2.2024 | 3195000 | 3977000 | 1733100-2042300 | 2755800 | 2908900-3013000 | 4366300 |
| 9 | 14.2.2024 | 3050000 | 3900000 | 1733100-2042300 | 2755800 | 2908900-3013000 | 4366300 |
| 10 | 15.2.2024 | 3123000 | 3920000 | 1733100-2042300 | 2755800 | 2908900-3013000 | 4366300 |
| 11 | 16.2.2024 | 3188000 | 3965000 | 1733100-2042300 | 2755800 | 2908900-3013000 | 4366300 |
| 12 | 19.2.2024 | 3125000 | 3850000 | 1733100-2042300 | 2755800 | 2908900-3013000 | 4366300 |
| 13 | 20.2.2024 | 3120000 | 3910000 | 1733100-2042300 | 2755800 | 2856800-2961000 | 4366300 |
| 14 | 21.2.2024 | 3095000 | 3866000 | 1733100-2042300 | 2755800 | 2856800-2961000 | 4366300 |
| 15 | 22.2.2024 | 3070000 | 3830000 | 1733100-2042300 | 2755800 | 2856800-2961000 | 4366300 |
| 16 | 23.2.2024 | 3020000 | 3747000 | 1733100-1990300 | 2755800 | 2856800-2961000 | 4366300 |
| 17 | 26.2.2024 | 30550000 | 3772000 | 1733100-1990300 | 2602700 | 2856800-2908900 | 4366300 |
| 18 | 27.2.2024 | 3222000 | 3710000 | 1733100-1990300 | 2602700 | 2804700-2856800 | 4366300 |
| 19 | 28.2.2024 | 2940000 | 3657000 | 1733100-1990300 | 2602700 | 2755800-2807800 | 4366300 |
| 20 | 29.2.2024 | 2980000 | 3700000 | 1733100-1990300 | 2602700 | 2755800-2807800 | 4366300 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဖေဖော်ဝါရီလ ဘုရင့်နောင်ကုန်စည်ဒိုင်၏ နေ့စဉ်ပဲမျိုးစုံဈေးနှုန်း (တန်/ကျပ်)

| စဉ် | ရက်စွဲ | ပဲကြီး(ရွှေကျင်း) | ပဲလွန်းဖြူ(မြစ်ဝကျွန်းပေါ်) | ဘိုကိတ် | ပဲပုပ်(မြစ်ဝကျွန်းပေါ်) (အထွက်တိုး) | ပြောင်းဆန် |
|---|---|---|---|---|---|---|
| 1 | 1.2.2024 | 4225500-4335700 | 2213800-2247500 | 2345500-2400600 | 1867800-1889200 | 698100-710400 |
| 2 | 2.2.2024 | 4225500-4335700 | 2213800-2247500 | 2397500-2449600 | 1867800-1889200 | 698100-710400 |
| 3 | 5.2.2024 | 4225500-4335700 | 2213800-2296500 | 2397500-2449600 | 1886200-1941300 | 698100-710400 |
| 4 | 6.2.2024 | 4225500-4335700 | 2213800-2296500 | 2397500-2501600 | 1886200-1941300 | 698100-710400 |
| 5 | 7.2.2024 | 4225500-4335700 | 2244400-2296500 | 2449600-2501600 | 1886200-1941300 | 698100-710400 |
| 6 | 8.2.2024 | 4225500-4335700 | 2275000-2296500 | 2498600-2553700 | 1886200-1941300 | 704200-716500 |
| 7 | 9.2.2024 | 4225500-4335700 | 2275000-2327100 | 2498600-2602700 | 1886200-1941300 | 704200-716500 |
| 8 | 13.2.2024 | 4225500-4335700 | 2345500-2400600 | 2550600-2584300 | 1886200-1941300 | 704200-716500 |
| 9 | 14.2.2024 | 4225500-4335700 | 2314800-2400600 | 2529200-2553700 | 1886200-1941300 | 704200-716500 |
| 10 | 15.2.2024 | 4225500-4335700 | 2296500-2348500 | 2449600-2501600 | 1886200-1941300 | 685900-698100 |
| 11 | 16.2.2024 | 4225500-4335700 | 2296500-2348500 | 2296500-2400600 | 1886200-1941300 | 685900-698100 |
| 12 | 19.2.2024 | 4225500-4335700 | 2296500-2400600 | 2244400-2348500 | 1886200-1941300 | 661400-673600 |
| 13 | 20.2.2024 | 4170400-4228600 | 2296500-2400600 | 2244400-2348500 | 1886200-1941300 | 661400-673600 |
| 14 | 21.2.2024 | 4170400-4228600 | 2296500-2400600 | 2244400-2348500 | 1886200-1941300 | 661400-673600 |
| 15 | 22.2.2024 | 4118300-4228600 | 2296500-2400600 | 2268500-2348500 | 1886200-1941300 | 661400-673600 |
| 16 | 23.2.2024 | 4118300-4228600 | 2296500-2348500 | 2268500-2348500 | 1886200-1941300 | 661400-673600 |
| 17 | 26.2.2024 | 4118300-4228600 | 2296500-2348500 | 2268500-2348500 | 1886200-1941300 | 661400-673600 |
| 18 | 27.2.2024 | 3900900-4011200 | 2296500-2348500 | 2192400-2265800 | 1886200-1941300 | 661400-673600 |
| 19 | 28.2.2024 | 3900900-4011200 | 2244400-2296500 | 2192400-2265800 | 1886200-1941300 | 661400-673600 |
| 20 | 29.2.2024 | 3790700-3904000 | 2244400-2296500 | 2192400-2265800 | 1886200-1941300 | 636900-649100 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော (FOB) ပဲဈေးနှုန်းများ(မတန်/ ဒေါ်လာ)

| ပဲအမျိုးအစား | | 1.2.2024 to 2.2.2024 | 5.2.2024 to 9.2.2024 | 13.2.2024 to 16.2.2024 | 19.2.2024 to 23.2.2024 | 26.2.2024 to 29.2.2024 |
|---|---|---|---|---|---|---|
| မတ်ပဲ (2023-24 Crop) | FAQ | 980-1000 | 1020-1040 | 960-980 | 980-1000 | 955-975 |
| | SQ | 1080-1100 | 1110-1130 | 1030-1050 | 1060-1080 | 1035-1055 |
| | အခွံချွတ် အလုံး/အခြမ်း(FAQ) | 1065-1115 | 1090-1140 | 1015-1065 | 1035-1085 | 1010-1060 |
| | အခွံချွတ် အလုံး/အခြမ်း(SQ) | 1165-1215 | 1190-1240 | 1115-1165 | 1135-1185 | 1110-1160 |
| | အခွံပါအခြမ်း | 1065-1115 | 1090-1140 | 1015-1065 | 1035-1065 | 1010-1060 |
| ပဲတီစိမ်း (2023-24 Crop) | FAQ (အညာ) | 780-810 | 790-820 | 790-820 | 790-820 | 770-800 |
| | ရွှေဝါအကြီး(Size 3.5 mm &up) | 870-900 | 880-910 | 880-910 | 880-910 | 870-900 |
| | ရွှေဝါအကြီး (Size 3.25 mm &up) | 840-880 | 860-890 | 860-890 | 860-890 | 850-880 |
| | ရွှေဝါအသေး (Under 3.5 mm) | 780-810 | 800-830 | 800-830 | 800-830 | 790-820 |
| ပဲတီစိမ်း (2023 -24 Crop) | FAQ ပဲနောက် | 680-710 | 700-730 | 700-730 | 700-730 | 690-720 |
| | SQ ပဲနောက် | 750-780 | 750-780 | 750-780 | 750-780 | 740-770 |
| | အခွံချွတ်အလုံးကြီးအခြမ်း(အညာ) | 1015-1065 | 1035-1085 | 1035-1085 | 1035-1085 | 1020-1070 |
| | အခွံချွတ်အလုံးသေးအခြမ်း (အညာ) | 765-790 | 785-810 | 785-810 | 785-810 | 770-795 |
| | အခွံပါအလုံးသေးအခြမ်း(အညာ) | 740-790 | 760-810 | 760-810 | 760-810 | 745-795 |
| ပဲစင်းငုံ(2023 -24 Crop) | အနီ | 1150-1170 | 1200-1220 | 1220-1240 | 1220-1240 | 1190-1210 |
| ပဲစင်းငုံ (2023-24 Crop) | အဖြူ(စစ်ကိုင်း) | 1090-1110 | 1170-1190 | 1190-1210 | 1180-1200 | 1150-1170 |
| | အခွံချွတ်အခြမ်း | 1435-1460 | 1485-1510 | 1505-1530 | 1505-1530 | 1475-1500 |
| ကုလားပဲဖြူလုံးကြီး V2 | FAQ | 975-1025 | 1000-1050 | 910-935 | 910-935 | 880-910 |
| | အခွံချွတ်အခြမ်း | 1275-1325 | 1300-1350 | 1225-1250 | 1225-1250 | 1195-1220 |
| ပဲလွန်းဖြူ | FAQ | 670-690 | 705-725 | 705-725 | 705-725 | 705-725 |
| | SQ | 695-720 | 765-790 | 775-800 | 775-800 | 775-800 |
| | အခွံချွတ်အခြမ်း | 825-875 | 850-900 | 850-900 | 850-900 | 850-900 |
| ပဲလွန်းနီ | FAQ | 820-870 | 770-820 | 770-820 | 720-770 | 720-770 |
| ပဲထောပတ် | FAQ | 1385-1415 | 1350-1380 | 1350-1380 | 1350-1380 | 1350-1380 |
| | အခွံချွတ်အခြမ်း | 1500-1525 | 1465-1490 | 1465-1490 | 1465-1490 | 1465-1490 |
| ပြောင်းဆန် | | 230-250 | 230-250 | 230-250 | 230-250 | 225-245 |
| နှမ်းဖြူ | | 1690-1740 | 1710-1760 | 1710-1760 | 1710-1760 | 1710-1760 |
| နှမ်းနက်(စမုန်) | | 1780-1830 | 1735-1785 | 1735-1785 | 1735-1785 | 1735-1785 |
| နှမ်းညို | | 1400-1450 | 1450-1500 | 1450-1500 | 1450-1500 | 1450-1500 |
| နှမ်းနက်(ရိုးရိုး) | | 1400-1450 | 1450-1500 | 1450-1500 | 1450-1500 | 1450-1500 |
| မြေထောက်ပဲ(အနီ) | | 1355-1380 | 1430-1455 | 1410-1435 | 1410-1435 | 1375-1400 |
| မြေထောက်ပဲ(အဖြူ) | | 975-1000 | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 |
| ပဲယင်း(ဝါ) | | 545-570 | 565-590 | 565-590 | 565-590 | 565-590 |
| ပဲယင်း(နီ) | | 740-790 | 715-765 | 715-765 | 625-675 | 625-675 |
| Azuki (Small Red Bean) | | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 | 1000-1025 |

**Source:** ဘုရင့်နောင်ကုန်စည်ဒိုင်

## ၂၀၂၄၊ ဖေဖော်ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ပြည်ပဆန်စျေးနှုန်းများ (FOB-YGN) (ဒေါ်လာ/မက်တန်)

| စဉ် | အမျိုးအစား | 7.2.2024 to 13.22024 | 14.2.2024 to 20.2.2024 | 21.2.2024 to 27.22024 | 28.2.2024 to 5.3.2024 |
|---|---|---|---|---|---|
| 1 | Myanmar Long Grain White Rice 5% Broken(well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 2 | Myanmar Long Grain White Rice 10% Broken(well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 3 | Myanmar Long Grain White Rice 15% Broken(well Milled Double Polished Sortexexd) | 590-600 | 590-600 | 590-600 | 590-600 |
| 4 | Myanmar Long Grain White Rice 25% Broken(well Milled Double Polished Sortexexd) | 580-590 | 580-590 | 580-590 | 580-590 |
| 5 | Myanmar Long Grain White Rice (Emata)25% Broken(Reasonable Well Milled) | 565-575 | 565-575 | 565-575 | 565-575 |
| 6 | Myanmar White Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 7 | Myanmar White Rice (Kayinma) 10% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 8 | Myanmar White Rice (Kayinma) 15% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 9 | Myanmar White Rice (Kayinma) 25% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 |
| 10 | Myanmar White Rice (Sin Thu Kha) 5% Broken (Well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 11 | Myanmar White Rice (Sin Thu Kha) 10% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 12 | Myanmar White Rice (Sin Thu Kha) 15% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 13 | Myanmar White Rice (Sin Thu Kha) 25% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 |
| 14 | Myanmar White Rice Nga Sein Yarkyaw 5% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 15 | Myanmar White Rice Nga Sein Yarkyaw 10% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 16 | Myanmar White Rice Nga Sein Yarkyaw 15% Broken (Well Milled Double Polished Sortexed) | 580-590 | 580-590 | 580-590 | 580-590 |
| 17 | Myanmar White Rice Nga Sein Yarkyaw 25% Broken (Well Milled Double Polished Sortexed) | 575-580 | 575-580 | 575-580 | 575-580 |
| 18 | Myanmar White Rice (Nga Sein Yar Kyaw)25% Broken(Reasonably Well-Milled) | 570-575 | 570-575 | 570-575 | 570-575 |
| 19 | Myanmar Long Grain Fragrant Rice 5% Broken(Well Milled Double Polished Sortexed) | 620-630 | 620-630 | 620-630 | 620-630 |
| 20 | Myanmar White Rice Tun Pu (or) Bike Phyu 5% Broken (Well Milled Double Polished Sortexed) | 610-615 | 610-615 | 610-615 | 610-615 |
| 21 | Myanmar White Rice Tun Pu (or) Bike Phyu 10% Broken (Well Milled Double Polished Sortexed) | 600-610 | 600-610 | 600-610 | 600-610 |
| 22 | Myanmar White Rice Tun Pu (or) Bike Phyu 15% Broken (Well Milled Double Polished Sortexed) | 590-600 | 590-600 | 590-600 | 590-600 |
| 23 | Myanmar White Rice Tun Pu (or) Bike Phyu 25% Broken (Well Milled Double Polished Sortexed) | 575-585 | 575-585 | 575-585 | 575-585 |
| 24 | Myanmar Parboiled Rice (Kayinma) 5% Broken (Well Milled Double Polished Sortexed) | 650-660 | 650-660 | 650-660 | 650-660 |
| 25 | Myanmar Parboiled Rice (Kayinma) 10 % Broken (Well Milled Double Polished Sortexed) | 645-650 | 645-650 | 645-650 | 645-650 |
| 26 | Myanmar Long Grain Parboiled Brown Rice 5% Broken (Well Milled Double Polished Sortexed) | 650-660 | 650-660 | 650-660 | 650-660 |
| 27 | Myanmar Long Grain Parboiled Rice 10% Broken (Well Milled Double Polished Sortexed) | 645-650 | 645-650 | 645-650 | 645-650 |
| 28 | Myanmar Glutinous Rice 5% Broken | 660-670 | 660-670 | 660-670 | 660-670 |
| 29 | Myanmar Glutinous Rice 10 % Broken | 650-660 | 650-660 | 650-660 | 650-660 |
| 30 | Myanmar Glutinous Rice 15 % Broken | 640-650 | 640-650 | 640-650 | 640-650 |
| 31 | Myanmar Brown Rice 10 % Broken | 500-510 | 500-510 | 500-510 | 500-510 |

**Source: MRF**

## ၂၀၂၄၊ ဖေဖော်ဝါရီလအတွင်း ပြည်ပနိုင်ငံ၏ စက်သုံးဆီဈေးနှုန်း

| No | Date | WTI Crude Oil (USD/bbl) | Brent Crude Oil (USD / bbl) | RBOB Gasoline (USD/ gal) | Natural Gas USD/ MMBtu) | Heating Oil (USD/ gal) |
|---|---|---|---|---|---|---|
| 1 | 1.2.2024 | 75.96 | 81.71 | 218.33 | 2.15 | 280.82 |
| 2 | 2.2.2024 | 74.26 | 79.22 | 219.92 | 2.07 | 272.09 |
| 3 | 5.2.2024 | 72.41 | 77.59 | 215.09 | 2.08 | 268.72 |
| 4 | 6.2.2024 | 72.82 | 78.02 | 221.06 | 2.07 | 273.06 |
| 5 | 7.2.2024 | 73.51 | 78.75 | 221.58 | 2.02 | 276.18 |
| 6 | 8.2.2024 | 74.15 | 79.54 | 228.08 | 1.98 | 283.99 |
| 7 | 9.2.2024 | 76.08 | 81.39 | 234.00 | 1.86 | 287.80 |
| 8 | 13.2.2024 | 77.03 | 82.06 | 236.81 | 1.76 | 293.07 |
| 9 | 14.2.2024 | 77.86 | 82.69 | 240.27 | 1.68 | 289.99 |
| 10 | 15.2.2024 | 76.28 | 81.25 | 229.70 | 1.62 | 279.41 |
| 11 | 16.2.2024 | 78.07 | 82.79 | 230.80 | 1.60 | 281.54 |
| 12 | 19.2.2024 | 78.78 | 82.88 | 232.49 | 1.55 | 279.21 |
| 13 | 20.2.2024 | 79.55 | 83.46 | 232.21 | 1.56 | 281.82 |
| 14 | 21.2.2024 | 78.18 | 82.55 | 229.69 | 1.69 | 273.82 |
| 15 | 22.2.2024 | 78.01 | 83.11 | 229.04 | 1.76 | 273.17 |
| 16 | 23.2.2024 | 78.24 | 83.34 | 231.55 | 1.69 | 274.75 |
| 17 | 26.2.2024 | 76.12 | 81.28 | 226.29 | 1.68 | 268.00 |
| 18 | 27.2.2024 | 77.59 | 82.52 | 231.03 | 1.60 | 276.76 |
| 19 | 28.2.2024 | 78.55 | 83.28 | 235.04 | 1.62 | 275.04 |
| 20 | 29.2.2024 | 78.41 | 83.53 | 227.10 | 1.86 | 265.83 |

Source: Bloomberg Commodities

## ၂၀၂၄၊ ဖေဖော် ဝါရီလအတွင်း ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့ရွှေဈေး (ဒေါ်လာ)

| No | Date | London | New York | Yangon |
|---|---|---|---|---|
| 1 | 1.2.2024 | 2045 | 2049 | 3860000 |
| 2 | 2.2.2024 | 2050 | 2060 | 3860000 |
| 3 | 5.2.2024 | 2034 | 2037 | 3790000 |
| 4 | 6.2.2024 | 2025 | 2030 | N/A |
| 5 | 7.2.2024 | 2037 | 2040 | 3845000 |
| 6 | 8.2.2024 | 2034 | 2040 | 3860000 |
| 7 | 9.2.2024 | 2035 | 2050 | 3825000 |
| 8 | 13.2.2024 | 2022 | 2025 | 3865000 |
| 9 | 14.2.2024 | 1995 | 1998 | 3855000 |
| 10 | 15.2.2024 | 1996 | 1999 | 3860000 |
| 11 | 16.2.2024 | 2016 | 2100 | 3875000 |
| 12 | 19.2.2024 | 2023 | 2026 | N/A |
| 13 | 20.2.2024 | 2021 | 2025 | N/A |
| 14 | 21.2.2024 | 2030 | 2036 | N/A |
| 15 | 22.2.2024 | 2030 | 2034 | N/A |
| 16 | 23.2.2024 | 2020 | 2025 | 3920000 |
| 17 | 26.2.2024 | 2033 | 2036 | N/A |
| 18 | 27.2.2024 | 2032 | 2035 | N/A |
| 19 | 28.2.2024 | 2030 | 2032 | N/A |
| 20 | 29.2.2024 | 2034 | 2037 | N/A |

Source: Bullionvault, e trade Myanmar